ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ သောကြာနေ့၊ (29-9-2006) (၅၀၉၅)

နိုင်ငံ့ဝန်ထမ်းရွေးချယ်ရာ၌ ပြည့်စုံရမည့် အင်္ဂါရပ်များ

ဗုဒ္ဓမြတ်စွာဟော ကျမ်းဂန်များနှင့် နီတိကျမ်းများပါ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားရာတွင် အောက်ပါအင်္ဂါရပ်များနှင့် ပြည့်စုံမှသာ နိုင်ငံတော်အတွက် ဝန်ထမ်းကောင်းများရရှိပြီး တိုးတက်ကြီးပွားလာမည်ဖြစ်ပါသည်–

- **အကြားအမြင်ဗဟုသုတရှိခြင်း၊**
- **ကိုယ် နှုတ် အမူအရာ ယဉ်ကျေး၍ တင့်တယ်သော ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံခြင်း၊**
- **ကိုယ်ကျင့်တရားကောင်းမွန်သူဖြစ်ခြင်း၊**
- **ရဲရင့်သူ (ရဲစွမ်းသတ္တိရှိသူ)ဖြစ်ခြင်း၊**
- **ဖွဲ့လုံ့လ ဝီရိယ ရှိခြင်း၊**
- **အမှုကိစ္စတာဝန်ကျေအောင် ထမ်းဆောင်သူဖြစ်ခြင်း၊**
- **ကာယဗလ ဉာဏဗလ ဖွံ့ဖြိုးခိုင်မာခြင်း၊**
- **ဥစ္စာကို မမက်မောခြင်း၊**

၍ အထက်ဖော်ပြပါ ဂုဏ်အရည်အချင်းများနှင့် ပြည့်စုံသူတို့ကိုသာ ဝန်ထမ်းအဖြစ် ရွေးချယ်ရန် "မဃဒေဝလင်္ကာသစ်" အဖွင့်ကျမ်းတွင် မှတ်သားရလွယ်ကူရန် အောက်ပါအတိုင်း လင်္ကာဖြင့် ဖော်ပြထားပါသည်–

"မြင်ကြားရှိခြင်း၊ အဆင်းအကျင့်
ရဲရင့်လုံ့လ၊ ကိစ္စပြီးစီး
အားကြီးခိုင်မာ၊ ဥစ္စာမမက်
ရှစ်ချက်အင်ကြို၊ ကုံလုံပြီးသူ
ထိုသည့်လူကို ကောက်ယူရွေးချယ်ပါကုန်လော့"

ဟု ညွှန်ပြခဲ့သည်။

ပညာအရည်အချင်း(ဉာဏဗလ)မရှိ၊ ရဲစွမ်းသတ္တိကင်းညံ့ဖျင်းသူ၊ ဗဟုသုတနည်းပါး၍ ကိုယ်ကျင့်တရားပျက်ပြားသူတို့ကို အရည်အချင်းမရှိဘဲ နီးစပ်ရင်းနှီးမှုအရ ဝန်ထမ်းများအဖြစ် ခန့်ထားမိပါက နိုင်ငံပျက်ပြားဖို့သာဖြစ်၏။ ကိုယ် နှုတ် အမူအရာ မယဉ်ကျေးသော ဝန်ထမ်းများကြောင့် အုပ်ချုပ်သူများနှင့် ပြည်သူတို့အကြား စိတ်ဝမ်းကွဲပြားမှုပြဿနာများပင် ပေါ်လာနိုင်၏။

ထိုကဲ့သို့သော "လူမွဲ ယောကျ်ား၊ မင်းစေများ"ကို "ပြည်သူ့မီးပွား"ဟု ဆိုရ၏။ ဆန္ဒာဂတိလိုက်၍ဖြစ်စေ၊ တံစိုးလက်ဆောင်စား၍ ဖြစ်စေ ထိုပြည်သူ့မီးပွားတို့ကို နိုင်ငံ့ဝန်ထမ်းများအဖြစ် အရွေးမမှားစေရန် အထူးသတိထားရပေမည်။

(သာသနာရေး)

ယနေ့မိုးလေဝသ

၂၉–၉–၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကျိုက်ထို အထက(၁)၏ မြတ်ရတနာကျောင်းဆောင်သစ် ဖွင့်ပွဲတက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၈

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့သည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုထောက်ခံသောအားဖြင့် ကျင်းပသော ကျိုက်ထိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ "မြတ်ရတနာ" ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်လွင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက "မြတ်ရတနာ" ကျောင်းဆောင်သစ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊

စာမျက်နှာ ၉ ကော်လံ ၄ သို့

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ ဆောင်းပါးအညွှန်း

"ထိုကဲ့သို့ အမေရိကန်၏ နည်းမျိုးစုံဖြင့် ဖိအားပေးမှု၊ စည်းရုံးမှုများရှိနေသည့်တိုင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို သိရှိသော၊ ကုလသမဂ္ဂနှင့်လုံခြုံရေးကောင်စီကို နိုင်ငံတစ်ခု၏ အကျိုးစီးပွား ဖော်ဆောင်ရာ ယန္တရားတစ်ခုအဖြစ် အသုံးပြုခြင်းအား လက်မခံသော မိတ်ဆွေနိုင်ငံများက မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်ထောက်ခံခဲ့သည်ကိုလည်း တွေ့ရပါသည်။"

စာဖတ်သူတစ်ဦး၏ **"မြန်မာနိုင်ငံ၏ အခြေအနေကို ပကတိအရှိအတိုင်း ရိုးသားဖြူစင်စွာရှုမြင်လျက် ဘက်လိုက်ခြင်းကင်းစွာ သမာသမတ်ရှိရှိ ရပ်တည်ထောက်ခံကြသော ကမ္ဘာ့နိုင်ငံများ၏ရှုထောင့်"** (ဆောင်းပါး)

စာမျက်နှာ–၈/၉

ပန်းသီးမှန်မှန်စားသုံးလျှင် ကျန်းမာရေးကို အထောက်အကူပြုသည်ဟု ဆိုသည်။ (ဓာတ်ပုံ–အင်တာနက်)

အင်တာနက် ကျန်းမာရေးသတင်း

နှလုံးရောဂါ၊ ကင်ဆာနှင့် အခြားရောဂါများဖြစ်ပွားမှု ပန်းသီးစားသုံးခြင်းဖြင့် လျော့ကျစေနိုင်ဟုဆို

ဝါရှင်တန် စက်တင်ဘာ ၂၆

လွန်ခဲ့သော ဆယ်စုနှစ်တစ်နှစ်ခန့်က အာဟာရလေ့လာသူများသည် ပန်းသီးသည် အာဟာရဓာတ်ပြည့်ဝသော သစ်သီးမဟုတ်ဟု ရှုမြင်သည့်အတွက် အလေးမထားဘဲ နေခဲ့ကြသော်လည်း ယခု အသစ်တစ်ဖန်ပြုလုပ်သော လေ့လာမှုများအရ ပန်းသီးသည် ရောဂါဘယအတော်များများကို ကာကွယ်နိုင်သည်ဟု တွေ့သိလာရသည်။ ၁၈၆၀ ပြည့်နှစ်က အင်္ဂလန်နိုင်ငံ ဝေလနယ်တွင်

စာမျက်နှာ ၉ ကော်လံ ၄ သို့

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၉-၉-၂၀၀၆
(သောကြာနေ့)

စပါးနှင့် သီးထပ်သီးနှံများ ဆည်ရေဖြင့် တိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် ပူပြင်းခြောက်သွေ့သော မိုးနည်းရပ်ဝန်းဒေသဖြစ်၍ တစ်ချိန်က စိုက်ပျိုးရေနှင့် သန့်ရှင်းသော သောက်သုံးရေအတွက် အခက်အခဲတွေ့ခဲ့ကြရသည်။ ယနေ့ကာလတွင် နိုင်ငံတော်က ရေလှောင်တမံများ၊ မြစ်ရေတင်စီမံကိန်းများကို တည်ဆောက်ပေးလျက်ရှိရာ သီးနှံစိုက်ဧကများ တိုးတက်လာပြီး သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိနေကြပြီဖြစ်သည်။ ဒေသ၏ ရေမြေအနေအထားကို စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်အဖြစ်သို့ ပြောင်းလဲဖြစ်ပေါ်စေခဲ့ပြီဖြစ်သည်။

မကွေးတိုင်း ပခုက္ကူဒေသတွင် ဆည်ငယ်အစုအဖွဲ့များ၊ မြစ်ရေတင်စီမံကိန်းများကို ဆက်လက်၍ တိုးချဲ့တည်ဆောက် ပေးလျက်ရှိရာ အဆိုပါလုပ်ငန်းအားလုံး ပြီးစီးပါက ဆည်ရေသောက်စိုက်ဧကများ တိုးတက်လာမည်ဖြစ်သည်။

မကွေးတိုင်း၌ ဆီထွက်သီးနှံများ ပိုမိုဖြစ်ထွန်းသဖြင့် ဆီဖူလုံ ပိုလျှံမှုရှိနေပြီး ဆန်ဖူလုံစေရေးအတွက် ယခုနှစ် စိုက်ပျိုးရာသီတွင် ပခုက္ကူခရိုင်၌ မိုးစပါးဧက တစ်သိန်းကျော်နှင့် နွေစပါးဧက နှစ်သောင်းကျော် စိုက်ပျိုးသွားမည်ဖြစ်သည်။

စိုက်ပျိုးရေ ဖူလုံစွာရရှိသည်နှင့်အမျှ သီးနှံစိုက်ပျိုးဧကများ တိုးတက်လာမည်ဖြစ်ရာ ဆည်တမံပေါင်းများစွာကို တည်ဆောက်လျက်ရှိသည်။ မကွေးတိုင်း ပခုက္ကူခရိုင်တွင် စက်တင်ဘာလ ၂၆ ရက်နေ့က ဖွင့်လှစ်လိုက်သည့် မြေခဲတောင်ရေလှောင်တမံအပါအဝင် ဆည်တမံပေါင်း ၁၈၉ ခုကို နိုင်ငံတစ်ဝန်း တည်ဆောက်ပေးထားပြီဖြစ်သည်။

မြေခဲတောင်ရေလှောင်တမံကို ရေစကြိုမြို့နယ်အတွင်း တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် ယခင်က ပဲတီစိမ်းနှင့် နှံစားသီးနှံ တစ်သီးဧက ၃၅၀ သာ စိုက်ပျိုးခဲ့ရာမှ ယခုအခါ ပထမသီးနှံ မိုးစပါးဧက သုံးရာကျော်နှင့် ကုလားပဲ သီးထပ်အပါအဝင် ဧက ငါးရာကျော် တိုးတက် စိုက်ပျိုးလာနိုင်တော့မည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်က မကွေးတိုင်းအပါအဝင် နိုင်ငံတစ်ဝန်း၌ ဆည်တမံစီမံကိန်းများစွာကို တည်ဆောက် ပေးလျက်ရှိရာ ဒေသဝန်းကျင် စိမ်းလန်းစိုပြည်လာပြီး ဆည်ရေသောက် လယ်ယာမြေများ တိုးတက်များပြား အကျိုးခံစားနေကြရပြီဖြစ်သည်။ တောင်သူလယ်သမားများက ဆည်ရေကိုအသုံးပြု၍ ဆန်စပါးနှင့် သီးထပ်သီးညှပ် သီးနှံများ တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် ဒေသဆန်ဖူလုံရေးကို ပိုမိုအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သီတင်းသုံးတော်မူရန် အသစ်ဆောက်လုပ်မည့် သုံးထပ် ဆောင်ကျောင်းတော်ကြီးအတွက် တာမွေမြို့နယ် ကျောက်မြောင်း ဓမ္မစိန္တာလမ်းနေ ကျောင်းအလှူရှင် ဦးသန်းလွင်-ဒေါ်သန်းဝင်းမိသားစုက အလှူတော်ငွေ အမေရိကန်ဒေါ်လာ ၁၀၀ ကို ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ၏ ရှေ့မှောက်၌ ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဒေါ်မြရှင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၈

ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို စက်တင်ဘာ ၂၃ ရက် နံနက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ ဇနီး ဒေါ်သင်းမျိုးမျိုးအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆) တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အစီအစဉ်အရ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များက ရာသက်ပန် ပြည်ထောင်စုသီချင်း သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်နယ်အသင်း အတွင်းရေးမှူး ဦးဉာဏ်လင်းက အသင်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက အမှာစကားပြောကြားသည်။

ယင်းနောက် လူမှုရေးကဏ္ဍများ၌ ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသည့် အသင်းဝင်များအား ပြည်နယ်အသင်း အလုပ်အမှုဆောင် ဦးစိုင်းလုံကျော်နှင့် ပြည်နယ်အသင်း အတွင်းရေးမှူး ဦးဉာဏ်လင်းတို့က လည်းကောင်း၊ ၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးကလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်၍ တိုင်းမှူးက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အစည်းအဝေးကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ညောင်ရွှေမြို့ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားဒေသစာရီ ကြွချီသီတင်းသုံးမည့် ဓမ္မဝိဟာရ ဒေသစာရီ ကျောင်းတော်ရှိ စံကျောင်းတော်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးအား ညောင်ရွှေမြို့ ဖောင်တော်ဆိပ်၌ အင်းလေးကန်အတွင်း ဖောင်တော်ဦး မြတ်စွာဘုရား ဒေသစာရီ ကြွချီပူဇော်မည့် အစီအစဉ်များကို တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်တင်နှင့် ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက် ပေးသည်။

ဆက်ကပ်ပူဇော်

ယင်းနောက် တိုင်းမှူးသည် ညောင်ရွှေမြို့ ကမ်းနားလမ်းရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရီကြွချီမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ အသီးသီး ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်း လိုအပ်ချက်များ မှာကြားကာ အင်းလေးကန်အတွင်း စက်လှေများဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ် နမ့်ဟူးကျေးရွာ ရတနာစံကျောင်းတော်သို့ သွားရောက်၍ အင်းလေးဖောင်တော်ဦး ဘုရားအား ဖူးမြော်ကြည်ညိုကာ ရွှေသင်္ကန်းများ ဆက်ကပ်ပူဇော်သည်။

တွေ့ဆုံ

ယင်းနောက် တိုင်းမှူးသည် ဘုရားအတွင်းရှိ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဖောင်တော်ဦးဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် ညောင်ရွှေမြို့နယ် အင်းပေါခုံကျေးရွာရှိ မြစကြာကြာထည်နှင့် ပိုးထည်ရက်ကန်းအလုပ်ရုံသို့ သွားရောက်ကြည့်ရှု အားပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပျဉ်းမနားအသင်း ဘုံကထိန်ရက် ပြောင်းရွှေ့ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၈

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)၏ မဟာဘုံကထိန်ပွဲနှင့် ၂၀၀၄-၂၀၀၅၊ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၆ ရက်အစား အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီတွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မြန်မာဘင်္ဂလားဒေ့ရှ် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပမည်ဖြစ်ရာ ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ စာရင်းနှင့် အလှူငွေများကို ဥက္ကဋ္ဌ ဦးအေးလွင် ဖုန်း-၅၄၉၆၉၁၊ ဒုတိယဥက္ကဋ္ဌ ဦးစောထွန်းခိုင် ဖုန်း-၅၃၅၁၉၃၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ကိုကို ဖုန်း-၅၄၉၈၃၆ တို့ထံ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

၂၀၀၆ခုနှစ် (၁၅)ကြိမ်မြောက် ဗီယက်နမ်အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲနှင့် ပထမအကြိမ် ကမ္ဘောဒီးယားအရှေ့တောင်အာရှ ဂျူဒိုပြိုင်ပွဲမှ အောင်ပွဲရ ဂျူဒိုမောင်၊ မယ်များအား ဂုဏ်ပြုပွဲနှင့် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၂၅ ရက်က အင်းလျားလမ်း ရန်ကုန်တက္ကသိုလ် လှေလှော်အသင်းရှိ ရွှေရှမ်းကန် စားသောက်ဆိုင်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက လက်ခံရယူစဉ်။ (ကြေးမုံ)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆) ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို စက်တင်ဘာ ၂၆ ရက်တွင် ကျိုင်းတုံမြို့ရှိ ပြည်နယ် စည်ပင်သာယာရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေတို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

ထို့နောက် ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ သိပ္ပံဘာသာတွဲ ပထမရရှိသူတစ်ဦး၊ ဝိဇ္ဇာဘာသာတွဲပထမရရှိသူနှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ခုနစ်ဦး၊ ဗဟိုအဆင့်ကျပန်း စကားပြောပြိုင်ပွဲ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် ဘက်စုံပညာထူးချွန်ဆု ရရှိသူ လေးဦးတို့အား ဆုများချီးမြှင့်ခြင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)သို့ တက်ရောက်မည့် ကိုယ်စားလှယ်များအတွက် ချီးမြှင့်ငွေ ပေးအပ်ခြင်းကို တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ချီးမြှင့်ကြသည်။

အကြံပြုဆွေးနွေး

ထို့နောက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)ကို ပြည်နယ် စည်ပင်သာယာရေးဦးစီးဌာနခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့က တစ်နှစ်တာ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး မြို့နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့များက အကြံပြုဆွေးနွေးကြသည်။ သဘာပတိအဖွဲ့က အကြံပြုချက် စာတမ်းများကို ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားသည်။ အစည်းအဝေးတွင် ဆုံးဖြတ်ချက်တစ်ရပ် အတည်ပြုချက်တစ်ရပ်နှင့် မှတ်တမ်းတင်ခြင်း သုံးရပ်တို့ကို ချမှတ်ဆောင်ရွက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ အမှာစကားပြောကြားစဉ်။

(ပြည်ထဲရေး)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားသည့် မြို့ပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်းတို့ ရှင်းလင်းတင်ပြစဉ်။

(နယ်စပ်/စည်ပင်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၈

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့စက်တင်ဘာ၂၃ရက်မှ ၂၅ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဆီရန်ရိမြို့၌ ကျင်းပခဲ့သည့် အာဆီယံပဋိညာဉ်စာတမ်းပြုစုရေး ပညာရှင်ပုဂ္ဂိုလ်များ၏ ဆဋ္ဌမအကြိမ် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်သည် စက်တင်ဘာ ၂၅ ရက်ညနေပိုင်းတွင် Sokha Angkor Hotel ၌ အာဆီယံ ပဋိညာဉ်စာတမ်းပြုစုရေးပညာရှင် ပုဂ္ဂိုလ်များအား ဂုဏ်ပြုညစာ့ခံခဲ့သည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်ဖွဲ့သည် ယနေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမ်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် စက်တင်ဘာ ၂၈

အမ်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ စုပေါင်းကထိန်အလှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲများကို အောင်ရာမြေပရိယတ္တိစာသင်တိုက် မေခအိမ်ရာဝင်း (ဆ/ခ)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်တွင် အောက်တိုဘာ ၈ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်၍ အသင်းဝင်များ၊ အသင်းဝင်မဟုတ်သော အမ်းမြို့နယ်သူ၊ မြို့နယ်သားများအားလုံး တက်ရောက်ကြရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အမ်းမြို့နယ်သား (၇၅)နှစ်နှင့် အထက်ရှိသူ အဘိုးအဘွားများ အမည်စာရင်းနှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ အိမ်ထောင်စုဝင် သားသမီးများ၏ အမည်စာရင်းကို အသင်းတည်ရာ အောင်ရာမြေပရိယတ္တိစာသင်တိုက် ဖုန်း-၅၇၃၃၄၇ သို့ ကြိုတင်စာရင်းပေးကြပါရန် အကြောင်းကြားထားသည်။

(က-ပ)

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် စက်တင်ဘာ ၂၈

ဦးဖြိုးဝေထက်သည် ကစားဖော်များဖြစ်ကြသော ဦးမျိုးမြတ်ကျော်၊ ဦးခန့်မင်းထက်၊ ဦးမျိုးသိန်းနှင့် ဦးမြင့်ဦးတို့နှင့်အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြကန်သာ ဂေါက်ကွင်းတွင် ယနေ့ညနေပိုင်းတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၁)၌ ကိုက် ၁၂၀ အကွာမှ Titleist. No.2 ဘောလုံးကို Rapier P.Wတုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သန်လျင်အထက(၁) ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၈

သန်လျင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာအသင်း ကျောင်းအကျိုးဆောင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို စက်တင်ဘာ ၂၃ရက် နံနက်၁၀နာရီက အထက(၁) ပတ္တမြားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိဘဆရာအသင်း နာယက ဦးတင်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဝေထွန်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြွယ်တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ပညာရည်ချွန်ဆုများ ချီးမြှင့်ရာ မိဘဆရာအသင်း နာယက ဦးတင်ဝင်း၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြွယ်တို့က တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာ ဂုဏ်ထူးရှင်များဖြစ်သော မောင်မျိုးခန့်ကိုကို **(အပေါ်ယာပုံ)**နှင့် မအိကေခိုင်၊ ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၃ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၆ဦး၊ အတန်းလိုက် ပညာရည်ချွန်ဆု ရရှိသူများနှင့် ခွင့်ရက်ပျက်မရှိ ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။ (၅၂၇)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် စက်တင်ဘာ ၂၈

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဦးမြတ်မော်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
(ခ) ဦးဆန်းထွန်း	ညွှန်ကြားရေးမှူးချုပ် ပြည်တွင်းအခွန်များဦးစီးဌာန ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
(ဂ) ဦးကျော်ငွေး	ညွှန်ကြားရေးမှူးချုပ် ပင်စင်ဦးစီးဌာန ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က) ဒေါက်တာမြင့်သောင်း ဒုတိယပါမောက္ခချုပ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	ပါမောက္ခချုပ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ခ) ဦးတင်အောင် အင်ဂျင်နီယာချုပ် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၉-၂၀၀၆ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	Myanmar Video Rhythm
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	ဆက်ကပ်လှူဒါန်း ဝါဆိုမြတ်သင်္ကန်း
၈း၃၅	ပြည်တွင်းသတင်းအကျဉ်း
၈း၄၅	ယဉ်ကျေးမှုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၅	ကလေးတို့အတွက် လက်ဆောင် (ဘဲငန်းရုပ်ခေါက်နည်း)
၉း၃၀	မိုးလေဝသခန့်မှန်းချက်
၉း၃၅	Midweek Sports News
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	မေတ္တာရိပ်ဖြာပန်းဝက်ပါ
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	Yangon Panorama (Myint Soe's Expression)
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	နွယ်မြက်သစ်ပင်ဆေးဖက်ဝင် (ခံတက်ရွက်)
၁၀း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၅	သူတို့ပြောတဲ့သူတို့အကြောင်း (ကာတွန်းပညာရှင်များနှင့်တွေ့ဆုံခြင်း) (ကာတွန်းမြေဇာ)
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	သဘာဝကပေးသော လက်ဆောင်များ
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	ဒါဖောရိန်းမိတ်တဲ့လားဗျာ (ထူးသာ၊ညီဂျော်၊ဆုပန်ထွာ)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၁၁နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

စစ်ပွဲဖြစ်ပွားစဉ်က အစ္စရေးတို့ ကြဲချခဲ့သော မပေါက်ကွဲသေးသည့် ဗုံးငယ်များကို ဗုံးကျွမ်းကျင်သူ တစ်ဦးက လက်ဘနွန်တောင်ပိုင်း မက်ဒါဆမ်ကျေးရွာ၌ ရှင်းလင်းဖယ်ရှားနေသည်ကို စက်တင်ဘာ ၂၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြည်တွင်းရေး၌ ဝင်ရောက်မစွက်ဖက်ရန် အိမ်နီးချင်းနိုင်ငံများအား သမ္မတတာလာဘာနီ သတိပေး

ဝါရှင်တန် စက်တင်ဘာ ၂၇

အီရတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအနေဖြင့် အီရတ်၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်မှု မပြုလုပ်ကြရန် အီရတ်သမ္မတ တာလာဘာနီက သတိပေးပြောကြားသည်။

တွေ့ဆုံမေးမြန်း

ဆီးရီးယား၊ အီရန်နှင့် တူရကီနိုင်ငံများက မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နေကြောင်း အီရတ်နိုင်ငံပိုင် ရေဒီယိုနှင့် တွေ့ဆုံမေးမြန်းရာတွင် ၎င်းကပြောကြားသည်။

မိမိတို့ပြည်တွင်းရေးတွင် နှောင့်ယှက်စွက်ဖက်မှုကို ရပ်ဆိုင်းရန်နှင့် အီရတ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လေးစားလိုက်နာရန် မိမိတို့က မေတ္တာရပ်ခံကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အိမ်နီးချင်းနိုင်ငံများက အီရတ် ပြည်တွင်းရေးတွင် ဆက်လက်၍ စွက်ဖက်မှု ပြုလုပ်နေပါက အီရတ်က မည်သို့မည်ပုံ လုပ်ဆောင်မည်နည်းဟု မေးမြန်းရာ တာလာဘာနီက အီရတ် ပြည်သူလူထုက တစ်နည်းနည်းဖြင့် တုံ့ပြန်ကြမည်ဟု ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဗမ်ဘီယာတွင် ကြေးနီစက်ရုံ တည်ဆောက်

လူဆာကာ စက်တင်ဘာ ၂၇

ဇမ်ဘီယာသမ္မတ လီဗီဝါနာဝါဆာက မူဖူလီရာကြေးနီတွင်း(အမ်စီအမ်) အဆင့်မြင့်စီမံကိန်းကို တနင်္လာနေ့က တရားဝင် ဖွင့်လှစ်ခဲ့သည်။ ယင်းစက်ရုံသည် ကမ္ဘာ့အကြီးဆုံး ကြေးနီစက်ရုံတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အာဖရိကဒေသတွင် အကြီးဆုံး စက်ရုံဖြစ်သည်။

အဆိုပါကြေးနီစက်ရုံကို ကြေးနီထွက်ရှိရာပြည်နယ်တွင် အမေရိကန်ဒေါ်လာသန်း၁၉၀အကုန်ခံတည်ဆောက်ထားပြီးနှစ်စဉ်ကြေးနီတန်ချိန် တစ်သန်းကျော် ချက်လုပ်နိုင်မည်ဖြစ်သည်။

ဒေါ်လာသန်း ၂၉၀ ကုန်ကျ

ယင်းစက်ရုံစီမံကိန်း အပြည့်အဝတည်ဆောက်ပြီးပါက အမေရိကန်ဒေါ်လာသန်း ၂၉၀ ကုန်ကျမည် ဖြစ်သည်။

အဆိုပါစက်ရုံက လမ်ဝါနာကဲ့သို့သော ကြေးနီတွင်းမှ ကြေးနီရိုင်းများကိုလည်း ချက်လုပ်နိုင်သည်။

ယင်းစက်ရုံ စီမံကိန်းကြောင့် သတ္တုတွင်းဌာနအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး နိုင်ငံ၏ဝင်ငွေ တိုးတက်စေမည်ဖြစ်သည်ဟုသမ္မတကပြောကြားသည်။

ပြောကြား

ယင်းကြေးနီချက်စက်ရုံတည်ဆောက်ပြီးဒေသခံများအတွက် အလုပ်ရရှိနိုင်မည့် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ပြီး ကြေးနီအခဲများကို ပြည်တွင်းတွင်ဈေးသက်သက်သာသာနှင့်လွယ်လွယ်ကူကူဝယ်ယူအသုံးပြုနိုင်မည် ဖြစ်သည်ဟု သမ္မတက ဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အီရတ်နိုင်ငံသားတစ်ဦးအား သတ်ဖြတ်မှုဖြင့် ကန်မရိန်းတပ်ဖွဲ့ဝင်သုံးဦးကို ပဏာမစစ်ဆေးမည်

ဝါရှင်တန် စက်တင်ဘာ ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ဘက် ဟန်ဒါနီယာမြို့အနီးတွင် ဧပြီလက အပြစ်မဲ့ အီရတ်နိုင်ငံသားတစ်ဦးကို သတ်ဖြတ်မှုဖြင့် အမေရိကန်ရေတပ်ဖွဲ့ဝင် သုံးဦးအား စစ်ခုံရုံးတင်၍ စစ်ဆေးမည်ဖြစ်ကြောင်း အမေရိကန်တပ်ဖွဲ့က စက်တင်ဘာ ၂၅ ရက်က ပြောကြားသည်။

သေဒဏ်မပေး

၎င်းတို့သုံးဦးမှာ အမှတ်(၁) အမေရိကန် မရိန်းတပ်ဖွဲ့မှဖြစ်ကြောင်း၊ ၎င်းတို့၏ အခြေအနေကို ယင်းတပ်ခွဲမှ ထုတ်ပြန်ကြေညာသော်လည်း အဆိုပါတပ်ဖွဲ့ဝင်သုံးဦးကိုစစ်ခုံရုံးတွင် သေဒဏ်ပေးမည် မဟုတ်ကြောင်း ပြောကြားသည်။

စွဲချက်တင်

ဟန်ဒါနီယာမြို့အနီးတွင် ဧပြီ ၂၆ ရက်က အသက် ၅၂နှစ်ရှိ ဟာရှမ်အိုင်ဘရာဟင်အာဝက်ဒ်ကို ပြန်ပေးဆွဲမှုနှင့် သတ်ဖြတ်မှုတို့ဖြင့် ၎င်းတို့ကို စွဲချက်တင်ထားသည်။ ယင်းစွဲချက်ဖြင့် တရားစွဲဆိုခံရသူများတွင် အမေရိကန် ရေတပ်ဖွဲ့ဝင် ခုနစ်ဦးမှ သုံးဦးနှင့် လေတပ်ဆေးတပ်သားတစ်ဦးတို့ကို စွဲချက်တင်ထားသည်။

၎င်းတို့ရှစ်ဦးစလုံးကို မေလကတည်းက ကာလီဖိုးနီးယားပြည်နယ် ကမ်ပန်ဒ်လီတွန်ရှိ အမှတ်(၁) အမေရိကန် မရိန်းတပ်ခွဲ ဌာနချုပ်တွင် ဖမ်းချုပ်ထားသည်။ မရိန်းတပ်ဖွဲ့ဝင် လေးဦးနှင့် လေတပ် ဆေးတပ်သား တစ်ဦးတို့ကို စစ်ခုံရုံးတင်၍ စစ်ဆေးသင့်၊ မသင့်ကို ဆုံးဖြတ်ချက်ချရန် လာမည့်ရက်သတ္တပတ်တွင် ပဏာမကြားနာစစ်ဆေးမည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပမည့် ၂၀၀၈ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲအတွက် အထိမ်းအမှတ်တံဆိပ်များကို ရှီကျန်းပြည်နယ် တိုင်ကျိုးမြို့စက်ရုံ၌ ရိုက်နှိပ်နေစဉ်။
(ဓာတ်ပုံ-ချိုင်းနားပစ်တိုရီယယ်)

စပိန်နိုင်ငံ၌ ကိုကင်းနှစ်တန်ကျော် သိမ်းဆည်းရမိ

မဒရစ် စက်တင်ဘာ ၂၇

စပိန်နိုင်ငံမှ တာဝန်ရှိသူများသည် မြေထဲပင်လယ်ဒေသ အနောက်ပိုင်းရှိ အိုင်ဘီရီလန်ကျွန်းအနီး၌ ဗြိတိသျှမှတ်ပုံတင်သင်္ဘောတစ်စင်းပေါ်မှကိုကင်း ၂၁သမ ၄ တန်ကို စနေနေ့တွင် သိမ်းဆည်းရမိလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အိုင်ဘီရီယန်ကျွန်းသို့မူးယစ်ဆေးဝါးများ သယ်ဆောင်နေသည်ဟု မသင်္ကာဖြစ်ရသော တာတီဘက်သင်္ဘောကို ရဲတပ်ဖွဲ့က စနေနေ့တွင် စီးနင်းတိုက်ခိုက်ခဲ့ရာ ကိုကင်း ၂ ဒသမ ၄ တန်ကို သိမ်းဆည်းရမိခဲ့ကြောင်း စပိန်အမျိုးသားလုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တရုတ်တွင် ပြည်ပမှ ဝါဂွမ်း တင်သွင်းရဖွယ်ရှိ

ပေကျင်း စက်တင်ဘာ ၂၇

တရုတ်နိုင်ငံတွင် ယခုနှစ်၌ ဝါတန်ချိန်ခြောက်သန်းသာ ထွက်ရှိနိုင်သည့်အတွက် ဝါတန်ချိန် ၁၀ဒသမ၆ သန်း ဝယ်လိုအားကို ပြည့်မီနိုင်ရန် ပြည်ပမှ ဝါဝယ်ယူတင်သွင်းရဖွယ်ရှိ သည်ဟုခန့်မှန်းထားကြောင်းဝါလုပ်ငန်း တာဝန်ရှိသူက ပြောကြားသည်။

ဝယ်လိုအားနှင့် ရောင်းလိုအားမညီမျှ သည့်အတွက် တရုတ်နိုင်ငံ အထည်အလိပ်လုပ်ငန်းတွင် ၂၀၀၆ခုနှစ်သည် အခက်အခဲရှိသည့် နှစ်ဖြစ်ကြောင်း၊ ဝါထုတ်လုပ်သူများသည် ဈေးနှုန်းတက်ခြင်း၊ ယှဉ်ပြိုင်နိုင်မှု ကျဆင်းခြင်းနှင့် တရုတ်နိုင်ငံသုံး ငွေကြေး ယွမ် အားကောင်းလာခြင်းတို့နှင့် ကြုံတွေ့ရဖွယ်ရှိကြောင်း တရုတ်အမျိုးသား ဝါလုပ်ငန်းကော်ပိုရေးရှင်း အထွေထွေ မန်နေဂျာ ရွှန်းယုက ပြောကြားသည်။

၂၀၀၆ခုနှစ်တွင် တရုတ်နိုင်ငံ၏ ဝါစိုက်ဟက်တာ စုစုပေါင်း ၅ဒသမ၂၇ သန်းရှိပြီး ယမန်နှစ်ကထက် ဟက်တာ ၂၀၀၀၀၀ ပိုမိုစိုက်ပျိုးနိုင်သည်။ ယမန်နှစ်က ဝါထွက်ရှိမှုမှာ တန်ချိန် ၅ဒသမ၇သန်းသာ ထွက်ရှိကြောင်း၊ ၂၀၀၄ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် ၉ဒသမ၈ရာခိုင် နှုန်းကျဆင်းသွားကြောင်း အမျိုးသားစာရင်းအင်း ဗျူရိုက ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အီဂျစ်နှင့် ဂါဇာကမ်းမြောင်ဒေသဖြတ်ကူးသည့် ရာဖာနယ်ခြားစခန်းကို နှစ်ရက်တာဖွင့်လှစ်ပေးစဉ် နယ်စပ်ဖြတ်ကျော်ရေးအတွက် ဘတ်စ်ကားပေါ်သို့ တက်နိုင်ရန် ကြိုးစားနေသူမိသားစုကို စက်တင်ဘာ ၂၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ထိုင်းနိုင်ငံခြားရေးမူဝါဒ ပြောင်းလဲမှုမရှိဟုပြောကြား

ကုလသမဂ္ဂ စက်တင်ဘာ ၂၈

ထိုင်းနိုင်ငံတွင် စစ်ဘက်မှ အာဏာသိမ်းလင့်ကစား မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးဝါဒမှာ ပြောင်းလဲမှုမရှိကြောင်း၊ ထိုင်းနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် ရွေးချယ်တင်မြှောက်ခံ အစိုးရအဖွဲ့တို့ တစ်နှစ်အတွင်း ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ကွမ်ရင်လျှောင်ဟာဖန်းက ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ဗုဒ္ဓဟူးနေ့က မိန့်ခွန်းပြောကြားရာ၌ ဖော်ပြသည်။ ထိုင်းနိုင်ငံသည် ဒီမိုကရေစီကျင့်သုံးသည့် နိုင်ငံအဖြစ်သို့ အမြန်ဆုံး ပြန်လည်ကူးပြောင်းမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ထိုင်းနိုင်ငံတွင် လောလောဆယ် လူစုလူဝေးမပြုလုပ်ရန် အမိန့်ထုတ်ပြန်ထားပြီး မာရှယ်လောဖြင့် အုပ်ချုပ်နေသဖြင့် ကုန်ဈေးနှုန်းများလည်း မြင့်တက်နေသည်။

အင်တာနက်။

ခရီးသည်တစ်ဦး လေယာဉ်ပေါ်တွင် ကလေးမီးဖွား

လန်ဒန် စက်တင်ဘာ ၂၇

လန်ဒန်မြို့မှ ဘော်စတွန်သို့ စက်တင်ဘာ ၂၂ ရက်က ပျံသန်းလာသည့် လေယာဉ်ပေါ်၌ လိုက်ပါလာသူ အမျိုးသမီးတစ်ဦးမှာ လေယာဉ်အမှုထမ်းနှင့် ခရီးသည်နှစ်ဦး အကူအညီဖြင့် ကလေးမွေးဖွားခဲ့သည်ဟု သိရသည်။

လေယာဉ်မှူးမှာလည်း လေယာဉ်ကို လမ်းကြောင်းပြောင်းပြီး ကနေဒါနိုင်ငံ နိုဗာစကော့တီယာဒေသ ဟာလီဖက်စ်သို့ ဆင်းသက်ခဲ့ရသည်။ လေယာဉ်ဆင်းသက်ပြီးနောက် အနီးရှိ ဆေးရုံသို့ မိခင်ရော ကလေးကိုပါ ပို့ဆောင်ပေးခဲ့သည်။ ယင်းသို့ လေယာဉ်ပေါ်တွင် မီးဖွားမှုမှာ ဖြစ်တောင့်ဖြစ်ခဲကိစ္စဖြစ်ကြောင်းသိရသည်။

အမ်အင်အေ၊ရိုက်တာ။

မြန်မာနိုင်ငံသည် အခြားနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ဖို့ လုံးဝစဉ်းစား၍မရ အိမ်နီးချင်း ငါးနိုင်ငံ၊ ဒေသတွင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးရှိ နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများကို မြန်မာနိုင်ငံက အပြည့်အဝထောက်ခံ

☆ ကျောဖုံးမှ

အဖွဲ့ဝင်နိုင်ငံများရဲ့ မျက်မှောက်ခေတ်လိုအပ်ချက်များ၊ အထူးသဖြင့် အဖွဲ့ဝင်နိုင်ငံအများဖြစ်တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ လိုအပ်ချက်များကို ထိရောက်စွာအရေးယူဆောင်ရွက်ပေးနိုင်ခြင်း ရှိမရှိဆိုတာနဲ့ တိုင်းတာရမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် နိုင်ငံအများအပြားတို့ဟာ အများစုလုပ်ပိုင်ဆုံးဖြတ်ခွင့်ရှိနိုင်ရန် လုပ်ထုံးလုပ်နည်းနဲ့ အခြေခံမူများကို ကာကွယ်ခြင်း၊ ဖွံ့ဖြိုးအောင်လုပ်ခြင်းစသည်တို့နဲ့ လုံးပန်းနေတဲ့အချိန်မှာ တစ်နိုင်ငံတည်းက လုပ်ကိုင်ဆုံးဖြတ်လိုတဲ့ သဘောထားဟာ သိသိသာသာ ကျန်ရှိနေတာကိုတွေ့ရပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီး ဆက်လက်စွမ်းဆောင်နိုင်ဖို့ဆိုတာမှာ ဒီလိုအကျိုးမပြုတဲ့ သဘောထားထားတွေ ကျယ်ပြန့်မလာဖို့ လိုပါတယ်။

အင်အားတောင့်တင်းပြီး ဩဇာကြီးမားတဲ့ နိုင်ငံအချို့က အင်အားနည်းပါးတဲ့ နိုင်ငံငယ်များကို နိုင်ငံရေးအရ သူတို့အလိုကျဖြစ်အောင် ကြိုးပမ်းမှုတွေဟာ နိုင်ငံတကာ အသိုက်အဝန်းကြားမှာ ရန်လိုတဲ့သဘောထားတွေ ပေါ်ပေါက်လာစေနိုင်ပါတယ်။

မြန်မာနိုင်ငံဟာ ဒေသအတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ မြန်မာနိုင်ငံရဲ့အခြေအနေကို လုံခြုံရေးကောင်စီမှာစဉ်းစားဖို့ အကြောင်း ခိုင်လုံမှုမရှိဘဲ ကြိုးစားခြင်းဟာ အဖွဲ့ဝင်နိုင်ငံများရဲ့ လုံခြုံရေးကောင်စီကို အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုရာရောက်ကြောင်း အံ့ဩစရာနဲ့ စိတ်ပျက်ဖွယ်ရာတွေ့ရပါတယ်။ ဒီလိုစွပ်စွဲခြင်းဟာ အမှန်တရားနဲ့ များစွာအလှမ်းဝေးလှပါတယ်။ မြန်မာနိုင်ငံဟာ အခြားမည်သည့်နိုင်ငံတစ်နိုင်ငံရဲ့ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေမည့်လုပ်ရပ်မျိုး မလုပ်ခဲ့တာကြောင့် ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ဖို့ဆိုတာ လုံးဝစဉ်းစားလို့မရပါဘူး။ မြန်မာနိုင်ငံဟာ အိမ်နီးချင်း ငါးနိုင်ငံနဲ့လည်းကောင်း၊ ဒေသတွင်းနိုင်ငံများနဲ့လည်းကောင်း ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးရှိပါတယ်။

ကုလသမဂ္ဂအဖွဲ့ကြီးကို စတင်ထူထောင်ခဲ့သူများအနေနဲ့ ဒီအဖွဲ့ကြီးကို နိုင်ငံရေး၊ စီးပွားရေး အင်အားကြီးသူနိုင်ငံအချို့က အုပ်စုဖွဲ့ပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအပေါ် ရန်လိုခြင်း၊ မဟုတ်မမှန်အမည်တပ်ခြင်းများ လုပ်ဆောင်တဲ့ မျက်နှာစာ တစ်ခုဖြစ်လာဖို့ ရည်ရွယ်ဖွဲ့စည်းခဲ့တာ မဟုတ်ပါဘူး။ ဒါ့ကြောင့် ဒေသတွင်းနဲ့ အိမ်နီးချင်းနိုင်ငံများရဲ့ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိခိုက်စေမှု မရှိတဲ့ နိုင်ငံတစ်နိုင်ငံအပေါ် လုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်စေရန် ဒီအင်အားကြီးနိုင်ငံတွေရဲ့ ကြိုးပမ်းဆောင်ရွက်နေမှုကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ဝိုင်းဝန်းဆန့်ကျင်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

လုံခြုံရေးကောင်စီ ပြုပြင်ဖွဲ့စည်းရေးနဲ့ပတ်သက်ပြီး အနည်းငယ်ပြောကြားပါရစေခင်ဗျား။ မြန်မာနိုင်ငံအနေနဲ့ လုံခြုံရေးကောင်စီအဖွဲ့ဝင်ဦးရေ တိုးချဲ့ခြင်းကိစ္စမှာ အမြဲတမ်းရော၊ အမြဲတမ်းမဟုတ်တဲ့ အဖွဲ့ဝင်နိုင်ငံများပါ တိုးချဲ့ခြင်းကို လိုလားပါတယ်။ တိုးချဲ့ပြီးဖြစ်သည့် လုံခြုံရေးကောင်စီအနေနဲ့လည်း ယနေ့ဖြစ်ပေါ်ပြောင်းလဲနေတဲ့ နိုင်ငံရေးနဲ့ စီးပွားရေး အခြေအနေမှန်များကို ထင်ဟပ်ပေါ်လွင်ဖို့ လိုအပ်ပါတယ်။ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံဦးရေ တိုးချဲ့ရေးကိစ္စမှာ ယနေ့အချိန်အထိ သိသာထင်ရှားတဲ့ တိုးတက်မှုမရသေးတာဟာ နက်နဲသိမ်မွေ့တဲ့ ကိစ္စဖြစ်တယ်ဆိုတာကို ဖော်ပြနေပါတယ်။ ဒီကိစ္စကြောင့် အဖွဲ့ဝင်နိုင်ငံများအကြား သွေးကွဲမှုတွေဖြစ်မလာစေဖို့ အထူးအရေးကြီးပါတယ်။ အဖွဲ့ဝင်နိုင်ငံအများစုက လက်ခံနိုင်တဲ့ အဖြေရရှိတဲ့အထိ တွေ့ဆုံဆွေးနွေးမှုနဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေကို ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

လူ့အခွင့်အရေးကောင်စီရဲ့ ပထမအကြိမ် အစည်းအဝေးကို ဇွန်လအတွင်းက ဂျီနီဗာမြို့မှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ယခုဆိုရင် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်အဖြစ် အပြည့်အဝ စွမ်းဆောင်လာနိုင်ရေးကို အရှိန်အဟုန်နဲ့ ကြိုးပမ်းနေခြင်းဟာ များစွာအားရဖွယ်ဖြစ်ပါတယ်။ အဲဒီအစည်းအဝေးမှာ အဆင့်မြင့်ပုဂ္ဂိုလ်များ တက်ရောက်ပြီး တက်တက်ကြွကြွ ဆွေးနွေးခဲ့ခြင်းဟာ ကျွန်တော်တို့အနေနဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရား ပိုမိုကောင်းမွန်အောင် ပြုလုပ်လိုတဲ့ သဘောထားရှိတာကို ထင်ရှားစေပါတယ်။ သို့သော်လည်း ကောင်စီရဲ့ လုပ်ဆောင်မှုတွေမှာ ဘက်လိုက်မှုမရှိစေရေး၊ ဦးတည်ချက်မှန်ကန်ရေး၊ ခွဲခြားမှုမပြုရေးတို့ကို အသိစိတ်ရှိရှိနဲ့ လုပ်ဆောင်သွားရန် လိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရား ပိုမိုကောင်းမွန်အောင် ပြုလုပ်တဲ့သဘောထားရှိသော်လည်း ကောင်စီကို သဘောအတိုင်း လုပ်ပိုင်ခွင့်တော့ ပေးထားတာမဟုတ်ပါဘူး။ ရှေ့မှာဖော်ပြခဲ့တဲ့ အခြေခံမူများကိုကျင့်သုံးပြီး တွေ့ဆုံဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးများကို ဆောင်ရွက်ရာမှာ နိုင်ငံရေးကိုအခြေမခံခြင်း စသည်တို့ဖြင့်သာ ကောင်စီရဲ့လုပ်ငန်းများကို လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ကောင်စီအနေနဲ့ ကျွန်တော်တို့ဖြစ်စေချင်တဲ့ ဦးဆောင်မှုလမ်းစဉ်မှ သွေဖည်မသွားရေးဟာ ကောင်စီအဖွဲ့ဝင်များသာမက ကျွန်တော်တို့အားလုံးမှာလည်း တာဝန်ရှိပါတယ်။

အကြမ်းဖက်မှုဟာ နိုင်ငံတကာအသိုင်းအဝိုင်းက အပြီးသတ်နှိမ်နင်းရန် ကြိုးပမ်းမှုများကို ဆက်လက်အန်တုပြီး မကြာသေးခင်က မွန်ဘိုင်းမြို့နဲ့အခြားနေရာများမှာ ခေါင်းပြန်ထောင်လာခဲ့ပါတယ်။ အကြမ်းဖက်တိုက်ခိုက်မည့် အရိပ်အခြေအနေတွေ ပေါ်ပေါက်လာတဲ့အခါမှာ ကြိုတင်အသိပေးနိုင်ဖို့ ဆိုတာဟာ လူ့အဖွဲ့အစည်းအသီးသီးက ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ဖြစ်နိုင်မယ်လို့ ထင်မြင်ပါတယ်။ နိုင်ငံတကာရဲ့အကြမ်းဖက်မှု တိုက်ဖျက်ရေးကြိုးပမ်းမှုများကို မြန်မာနိုင်ငံက အပြည့်အဝထောက်ခံပါတယ်။ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ်– ၁၃၇၃ (၂၀၀၁)ပါ လိုက်နာအကောင်အထည်ဖော်ရန် ကိစ္စများကို မြန်မာနိုင်ငံက ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြလိုပါတယ်။ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ်–၁၂၆၁ (၁၉၉၁)ပါ လိုအပ်ချက်များနဲ့ပတ်သက်လို့ ဆောင်ရွက်ရန်ရှိတဲ့ကိစ္စရပ်များကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ ရင်ဆိုင်နေရတဲ့ အခြားထိတ်လန့်ဖွယ်ဖြစ်မှု တစ်ခုကတော့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က လူ့အခွင့်အရေးကို အဆိုးရွားဆုံး ချိုးဖောက်မှုတစ်ရပ်ဖြစ်တယ်လို့ ထိရောက်စွာရည်ညွှန်းဖော်ပြတဲ့ လူကုန်ကူးမှုပြဿနာပဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ဆယ်စုနှစ်အတွင်း နိုင်ငံတကာ အသိုက်အဝန်းအနေနဲ့ ဒီပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းမှုများရှိသော်လည်း နိုင်ငံအစိုးရများအတွက် အလွန်ဆိုးရွားတဲ့ ဒီပြဿနာဟာ ဆက်လက်ကြီးထွားလာလျက်ရှိပါတယ်။ လူကုန်ကူးမှုပြဿနာဟာ နိုင်ငံတကာဆိုင်ရာ ဆိုးရွားတဲ့ ပြဿနာတစ်ရပ်ဖြစ်ပြီး နိုင်ငံတကာ အသိုက်အဝန်းအတွင်း ပူးပေါင်းညှိနှိုင်းမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့နဲ့ ဆောင်ရွက်သွားဖို့ လိုအပ်တယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

မြန်မာနိုင်ငံဟာ ကုလသမဂ္ဂနိုင်ငံ ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး စာချုပ်နဲ့ နောက်ဆက်တွဲ စာချုပ်များဖြစ်တဲ့ အမျိုးသမီး၊ ကလေးသူငယ်များအပါအဝင် လူကုန်ကူးမှုနှိပ်ကွပ်အပြစ်ပေးရေး စာချုပ်၊ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းတို့ဖြင့် ပြောင်းရွှေ့သူများအား ခိုးထုတ်မှု နှိမ်နင်းရေး စာချုပ်တို့ရဲ့ စာချုပ်ဝင် နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာ အေအိုင်ဒီအက်စ်၊ ငှက်ဖျားနဲ့ တီဘီအဆုတ်ရောဂါတို့ကို နိုင်ငံတော်က အလေးထားဂရုပြုရမယ့် ရောဂါများလို့ သတ်မှတ်ထားပါတယ်။ အေအိုင်ဒီအက်စ် ရောဂါတိုက်ဖျက်ရေးအတွက် ဌာနပေါင်းစုံပါတဲ့ အဆင့်မြင့် အမျိုးသားကော်မတီတစ်ရပ်ကို ၁၉၈၉ ခုနှစ်က ဖွဲ့စည်းခဲ့ပါတယ်။ အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးအတွက် ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပညာပေးရေး၊ ကာကွယ်ရေး၊ ကုသရေးနဲ့ ပြန်လည်ထူထောင်ရေးတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်မယ့် ပူးတွဲလုပ်ငန်းအစီအစဉ်တစ်ရပ်ကို မြန်မာနိုင်ငံ အမျိုးသား အေအိုင်ဒီအက်စ် လုပ်ငန်းအစီအစဉ်နဲ့ ကုလသမဂ္ဂ အေအိုင်ဒီအက်စ်ပူးတွဲအစီအစဉ်တို့က ၂၀၀၁ခုနှစ်မှာ ရေးဆွဲသတ်မှတ်ခဲ့ပါတယ်။ ဒါကြောင့် အေအိုင်ဒီအက်စ်ရောဂါ ကူးစက်မှုနှုန်းကို ထိန်းချုပ်နိုင်ခဲ့ရုံမျှသာမက လျော့ကျသွားအောင်ပင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂ အေအိုင်ဒီအက်စ် ညှိနှိုင်းရေးအဖွဲ့မှာ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေတဲ့အတွက် အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးကိစ္စများကို နိုင်ငံအဆင့်မှာရော နိုင်ငံတကာအဆင့်မှာပါ ပါဝင်ဆောင်ရွက်နိုင်လျက်ရှိပါတယ်။

မူးယစ်ဆေးဝါးပြဿနာဟာလည်း ခြိမ်းခြောက်မှုတစ်ခုအနေနဲ့ ယနေ့အခါမှာ ဆက်လက်တည်ရှိနေပါတယ်။ မြန်မာနိုင်ငံတော် အစိုးရအနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်လျက် ၂၀၁၄ခုနှစ်မှာ မူးယစ်ဆေးဝါး လုံးဝပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ နည်းလမ်းပေါင်းစုံနဲ့ မဆုတ်မနစ် ကြိုးပမ်းမှုကြောင့် ဘိန်းထုတ်လုပ်မှုကို သိသိသာသာ ကျဆင်းစေခဲ့ပါတယ်။ ၁၉၉၆ခုနှစ်မှ ၂၀၀၄ခုနှစ် ရှစ်နှစ်တာကာလအတွင်း ဘိန်းထုတ်လုပ်မှုဟာ ရာခိုင်နှုန်းအားဖြင့် ၈၈ရာခိုင်နှုန်း၊ တန်ချိန်အားဖြင့် ၂၅၆၀ တန်မှ ၂၉၂ တန်သို့ ကျဆင်းခဲ့ပါတယ်။

ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဟာ မြန်မာနိုင်ငံရဲ့ တစ်သမတ်တည်း ကျင့်သုံးခဲ့တဲ့ မူဝါဒဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂနဲ့ မယိမ်းမယိုင် ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ် ဆိုတာကို အတိတ်သမိုင်းက သက်သေခံလျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်မြှင့်တင်ရေး၊ ဟန်ချက်ညီမျှစွာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ မြို့ပြနဲ့ကျေးလက်ဒေသအကြား လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းလာစေရေး စသည့် ရည်ရွယ်ချက်များဖြင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိပါတယ်။ အဲဒီစီမံကိန်းဟာ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ၏ အဓိကအချက်အလက်များကို ထည့်သွင်းထားပါတယ်။ ကျွန်တော်တို့အနေနဲ့ ၂၀၁၅ခုနှစ်တွင် ထောင်စုနှစ် ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် ဆောင်ရွက်ရာတွင် အထူးသဖြင့် ကျန်းမာရေး၊ ပညာရေး၊ သောက်သုံးရေသန့်နှင့် ကျန်းမာသန့်ရှင်းမှု တိုးတက်ရရှိစေရေး စသည်တို့တွင် ထူးခြားသော တိုးတက်မှုများ ရရှိခဲ့ပါတယ်။ ထောင်စုနှစ် ရည်မှန်းချက်များ အကောင်အထည်ဖော်ရာမှာ ကျွန်တော်တို့အနေနဲ့ မိမိတို့နိုင်ငံရဲ့ အရင်းအမြစ်များကိုသာ အဓိကအားကိုးအားထားပြု၍ ဆောင်ရွက်နေပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ကူညီပံ့ပိုးမှုများကိုလည်း ရရှိလျက်ရှိပါတယ်။

နောက်ဆုံးအနေနဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများကို ညီလာခံသို့ အသိပေးလိုပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၀၃ ခုနှစ် ဩဂုတ်လအတွင်းက ကြေညာခဲ့တဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် နိုင်ငံတော်က ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်(၇)ရပ်ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိပါတယ်။

ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွက်လာရေးအတွက် အခြေခံမူများ ရေးဆွဲခြင်းလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ရန် ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက်နေ့တွင် ရပ်နားခဲ့သည့် အမျိုးသားညီလာခံကြီးကို အောက်တိုဘာလ ၁၀ ရက်နေ့မှာ ပြန်လည်ခေါ်ယူကျင်းပရန် ရှိပါတယ်။

စင်စစ်အားဖြင့် အုပ်စုတွေရဲ့ ကွဲပြားတဲ့ အမြင်တွေကို မျှတညီညွတ်လာအောင်ဆောင်ရွက်ရေး၊ တစ်ချိန်တည်းမှာ တိုင်းရင်းသားလူမျိုးများရဲ့ အကျိုးစီးပွားနဲ့ နိုင်ငံတော်ရဲ့အကျိုးစီးပွားကို မျှတညီညွတ်အောင် ဆောင်ရွက်ရေးတို့ဟာ အမျိုးသားညီလာခံအတွက် များစွာကြီးလေးတဲ့ တာဝန်ကြီးတစ်ရပ်ဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်စေ အမျိုးသားညီလာခံရဲ့ လုပ်ငန်းများချောမောလျင်မြန်စွာ ပြီးဆုံးအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းတဲ့ လုပ်ငန်းစဉ်ကို နိုင်ငံတော်က ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်(၇)ရပ်နဲ့အညီ ဆက်လက်ပြီးဆောင်ရွက်သွားမှာဖြစ်ကြောင်း အထူးဖော်ပြလိုပါတယ်။

(၂၁)ရာစုရဲ့ စိန်ခေါ်မှုများကို တုံ့ပြန်ရင်ဆိုင်နိုင်ရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ အခန်းကဏ္ဍကို ပိုမိုတောင့်တင်းခိုင်မာလာစေရေးအတွက်လည်းကောင်း၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမူကြီးများကို စောင့်ထိန်းလိုက်နာရေးအတွက်လည်းကောင်း ပူးပေါင်းဆောင်ရွက်သွားရန် ကတိကဝတ်ပြုပါကြောင်း ထပ်လောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ (သတင်းစဉ်)

☆ **မြန်မာနိုင်ငံဟာ ၂၀၀၃ ခုနှစ် ဩဂုတ်လအတွင်းက ကြေညာခဲ့တဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် နိုင်ငံတော်က ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်(၇)ရပ်ကို အရှိန်အဟုန်ဖြင့် အကောင်အထည် ဖော်လျက်ရှိ။**

☆ **ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွက်လာရေးအတွက် အခြေခံမူများ ရေးဆွဲခြင်းလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ရန် ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက်နေ့တွင် ရပ်နားခဲ့သည့် အမျိုးသားညီလာခံကြီးကို အောက်တိုဘာလ ၁၀ ရက်နေ့မှာ ပြန်လည်ခေါ်ယူကျင်းပရန်ရှိ။**

☆ **နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းတဲ့ လုပ်ငန်းစဉ်ကို နိုင်ငံတော်က ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်(၇)ရပ်နဲ့အညီ ဆက်လက်ပြီး ဆောင်ရွက်သွားမှာဖြစ်။**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တွေ့ဆုံမှာကြား

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းသည် ယနေ့နံနက် ၇နာရီတွင် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတားခန်းမ၌ ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်အစိုးရက ကိုကိုးကျွန်းမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေ၊ ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ထို့နောက် တိုင်းမှူးက ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်း ၁၆ဦးအတွက် ငွေကျပ် ၃၂၀၀၀၊ ခရီးသည် ၄၂ဦးအတွက် ငွေကျပ် ၄၂၀၀၀နှင့် ကိုကိုးကျွန်းမြို့နယ်၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်း ၁၈၃ဦးအတွက် စက်တင်ဘာလ ထောက်ပံ့ငွေကျပ် ၂၇၄၅၀၀၊ စုစုပေါင်းငွေကျပ် ၃၄၈၅၀၀ ကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

လှူဒါန်း

ယင်းနောက် တိုင်းမှူးသည် ကိုကိုးကျွန်းမြို့နယ်သို့ ထွက်ခွာမည့် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း တောင်ကြီးသင်္ဘောကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကိုကိုးကျွန်းမြို့နယ်နေ ပြည်သူများ ပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုက ကိုကိုးကျွန်းမြို့နယ် စာကြည့်တိုက်သို့ လှူဒါန်းသည့် သုတ၊ ရသစာအုပ်မျိုးစုံ အုပ်ရေ ၅၀၀ကို ကိုကိုးကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ခိုင်ထံ ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်စခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်မြို့ အင်းစိန် ပေါက်တောအရှင်သြဘာသ(ဓမ္မာစရိယB.A) သည် ရောဝတီတိုင်း ဖျာပုံမြို့ (၆)လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၅)တွင် သီတင်းကျွတ်လဆန်း ၁၂ရက်မှ လပြည့်ကျော် ၃ရက် (အောက်တိုဘာ ၃ရက်မှ ၉ရက်အထိ)ကျင်းပမည့် ခုနစ်ရက်တရားစခန်းပွဲ၌ ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

သဃ်န်းကျွန်းမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိနုဂ္ဂဟစာမေးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံပရိယတ္တိနုဂ္ဂဟ (၂၃)ကြိမ်မြောက် စာမေးပွဲကို မြို့နယ် သံဃနာယကအဖွဲ့ ဆရာတော်ကြီးများမှ ကြီးကြပ်၍ ဒီဇင်ဘာ ၁၇ရက်တွင် ကျင်းပမည်ဖြစ်ရာ သင်္ဃန်းကျွန်းမြို့နယ်အတွင်း ဝါဆို ဝါကပ်၍ ဝင်ရောက် ဖြေဆိုကြမည့် ရဟန်း၊ သာမဏေ၊ သီလရှင်များသည် ၁၃၆၈ ခုနှစ် သီတင်းကျွတ်လကွယ်၊ (အောက်တိုဘာ ၂၀ရက်) အတွင်း ဆ/ခ-ရပ်ကွက် အောင်ရာမြေ ပရိယတ္တိစာသင်တိုက်သို့ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

တောရိုင်းငှက်များ စောင့်ကြည့်လေ့လာမှုပြုခြင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာမှုပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့် အမှာစကားပြောကြားစဉ်။ (မွေး/ရေ)

တောရိုင်းငှက်များ စောင့်ကြည့်လေ့လာမှုပြုခြင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန သစ်တောဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)တို့ ပူးပေါင်းကျင်းပသည့် တောရိုင်းငှက်များ စောင့်ကြည့်လေ့လာမှုပြုခြင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာမှုပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Park Royal Hotel ၌ ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစောအယ်ဒါးနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)မှ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် တောရိုင်းငှက်များ စောင့်ကြည့်လေ့လာမှုပြုခြင်းနှင့် ကြက်ငှက် တုပ်ကွေးရောဂါ စူစမ်းရှာဖွေဖော်ထုတ်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ်များနှင့် သက်ဆိုင်သည့် စာတမ်း ၁၀စောင်ကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ပြီး ယင်းအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၉ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းသတင်း

ရန်ကုန် စက်တင်ဘာ ၂၈

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိပြီး အိန္ဒိယသမ္မတနိုင်ငံ ဘူတန်နက်စ်ဝါမြို့၏ အရှေ့တောင်ဘက်မိုင် ၂၃၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ လသာမြို့နယ်(၁၈)လမ်းနေ ဒေါ်မြရှိန်၏(၈၄)နှစ် ပြည့်မွေးနေ့ အထိမ်းအမှတ် သားသမီး မြေးတစ်စုတို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မေတ္တာစစ်တမ်း

☆ မိဘတိုင်းအဖို့
ကိုယ့်သားသမီးကို
ကောင်းစေလိုတာ...
ပြည့်စုံစေလိုတာ...
မြင့်မားစေလိုတာ...
မေတ္တာဓမ္မတာ...စဉ်အလာ။

☆ မွေးချင်းသွေးရင်း
သားချင်းမောင်နှမ
ဘဝကြည်လင်၊ ဖြူစင်မေတ္တာ
စေတနာထား၊ အကြင်နာပွား
ထောက်ထားညှာတာ...
ရိုင်းပင်းပါသည်
မေတ္တာဓမ္မတာ စဉ်အလာ။

☆ ထိုမေတ္တာသာ
သစ္စာဖွဲ့ချည်၊ မွန်မြတ်သည်တည့်။

☆ တိုင်းခြားမြေခြား
လူမျိုးခြားက၊ ဒို့ဘဝအခြေ
မြင့်၊ တင့် စေသတဲ့...။

☆ အနေသာချည်း၊ သွေးလည်းမတူ
သားမတူဘဲ၊ ပူပင်သောက
စိုးရိမ်ပြတာ၊ ယုံစရာလား။

☆ ပုံပြင်အလား၊ ယုံလျှင်မှားမည်
တိုင်းပြည်နစ်နာ၊ ဘဝနာမည်
မေတ္တာအစစ်၊ ဘယ်ရာဖြစ်မလဲ...
ဝေခွဲတတ်၍ မြတ်စေ...မင်း။ ။

ခြိမ့်နိုင်

ရန်ကုန်မြို့ တာမွေမြို့နယ်(မေတ္တာညွှန့်) စက်မှုလက်မှု (၃)လမ်းနေ ကွယ်လွန်သူ ဦးသိန်းလွင်(ခ) ဦးမိုးမြင့်အား ရည်စူး၍ စက်တင်ဘာ ၂၆ရက်တွင် သားသမီးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ထာဝရ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၂) ဦးဘဉာဏ်လက်ခံယူစဉ်။ (က-ပ)

အထက(၂) ပုဇွန်တောင်အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၈

အထက(၂) ပုဇွန်တောင်တွင် ၁၉၆၆မှ ၁၉၈၂အထိ ပညာသင်ကြားပို့ချပေးခဲ့ကြသော ဆရာ၊ ဆရာမများအား ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်းတော‌ဇခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ အလှူငွေ ထည့်ဝင်လိုသူများ ဆရာဦးလှဖေ ဖုန်း-၆၆၆၄၁၇၊ ဆရာမဒေါ်တင်နွဲ့ ဖုန်း-၂၉၆၂၆၈၊ ဆရာမ ဒေါ်ခင်အေးမြ ဖုန်း-၀၉ ၅၁ ၂၄၃၄၇၊ ဦးအောင်ခင် ဖုန်း-၀၉ ၅၀ ၀၀၇၅၀၊ ဦးထွန်းဇော် ဖုန်း-၅၇၂၂၈၈၊ ဦးအောင်ကျော်မြင့် ဖုန်း-၂၉၁၅၃၅၊ ဦးအောင်ဝင်း ဖုန်း-၀၉ ၅၀ ၀၁၄၈၂၊ ဦးဇော်မင်းဦး ဖုန်း- ၀၉ ၅၀ ၀၄၃၇၁၊ ဒေါ်ခင်မမ ဖုန်း- ၀၉ ၅၁ ၂၇၇၁၀တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

နိုင်ငံတော်အစိုးရသည် ပြည်သူလူထုအရေးကိစ္စနှင့်ပတ်သက်လျှင် အလေးထားဆောင်ရွက်ပေးနေ ကုန်သည်လုပ်ငန်းရှင်များအားလုံး အတ္တ ပရမှတစွာဖြင့် နိုင်ငံတော်အကျိုး ရှေးရှုဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၈

ကုန်သွယ်မှုလုပ်ငန်းများဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆွေးနွေးပွဲသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အသင်းအဖွဲ့အသီးသီးမှ ဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးများ၊ စက်မှုဇုန် ၁၆ဇုန်မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များနှင့်ဌာနဆိုင်ရာ အဆင့်ဆင့်တို့အကြား ပွင့်လင်းစွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဇီဝလောင်စာဆီ အစားထိုးသုံးစွဲရေးကို ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ အပါအဝင် တစ်နိုင်ငံလုံး ပူးပေါင်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက မြန်မာနိုင်ငံ၏ လက်ရှိကုန်ဈေးနှုန်းများသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ကုန်ဈေးနှုန်းကြီးမြင့်သည်ဟု မဆိုသာကြောင်း၊ နိုင်ငံတော် အစိုးရသည် ပြည်သူလူထုအရေးကိစ္စနှင့်ပတ်သက်လျှင် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုန်သည် လုပ်ငန်းရှင်များအားလုံး အတ္တ၊ ပရမှတစွာဖြင့် နိုင်ငံတော် အကျိုး ရှေးရှုဆောင်ရွက်သွားကြရန်မှာကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က စက်မှုကုန်ကြမ်းများတင်သွင်းမှုနှင့် စက်မှုကုန်ချောများတင်ပို့မှုဆိုင်ရာ ထောက်ခံချက်များ ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက စီးပွားရေးလုပ်ငန်းရှင်များသို့ ချေးငွေများထုတ်ချေးနေသည့်မှုများနှင့် ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်၊ မြန်မာနိုင်ငံဆီကုန်သည်များအသင်းဥက္ကဋ္ဌ ဦးသိန်းဟန်နှင့် မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးမြတ်သင်းအောင်တို့က ပို့ကုန်သွင်းကုန် လုပ်ငန်းကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ၊ အခွန်အခဆိုင်ရာကိစ္စများကို တင်ပြကြရာ ပို့ကုန်သွင်းကုန်လုပ်ငန်းများ မှန်ကန်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက ပို့ကုန်သွင်းကုန် လုပ်ငန်းများနှင့် ပတ်သက်၍ ပွင့်ပွင့်လင်းလင်းတင်ပြကြရန်နှင့် အခက်အခဲရှိပါက အချိန်မရွေးတင်ပြနိုင်ကြောင်း မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး ဆေးစိမ်ခြင်ထောင်များ လှူဒါန်းပွဲနှင့် ငှက်ဖျားရောဂါ ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ဆေးစိမ်ခြင်ထောင်များ ပေးအပ်လှူဒါန်းပွဲနှင့် ငှက်ဖျားရောဂါ ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး ဖောင်ကြီးအရှေ့ကျေးရွာရှိ အိမ်ထောင်စု ၃၆စုတို့အတွက် ဆေးစိမ်ခြင်ထောင်များကို ကျေးရွာ ရပ်မိရပ်ဖများကိုလည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်အတူ အခြေခံပညာအထက်တန်းကျောင်းအတွက် စာအုပ်မျိုးစုံ ၂၁၀နှင့် ပညာရေးငွေပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀တို့ကို ကျောင်းအုပ်ကြီး ဦးတင်အေးသို့ လည်းကောင်းပေးအပ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းက ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးနှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနက ဖောင်ကြီးအရှေ့ကျေးရွာရှိ အိမ်ထောင်စုများ ငှက်ဖျားရောဂါ ကင်းစင်ရေးအတွက် ခြင်ထောင်များ ဆေးစိမ်ပေးနေမှုကို လည်းကောင်း၊ ငှက်ဖျားရောဂါ ရှိ၊ မရှိ စစ်ဆေးကုသပေးနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ဖောင်ကြီး အရှေ့ကျေးရွာရှိ အမျိုးသမီးများသည် အမျိုးသမီးရေးရာနှင့် ပတ်သက်၍ စကားဝိုင်းများဖွဲ့ကာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာ အိမ်ထောင်စုများတွက် ဆေးစိမ်ခြင်ထောင်များ ဆေးစိမ်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

စကားဝိုင်းဖွဲ့ဆွေးနွေး

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ဆေးစိမ်ခြင်ထောင်များ ပေးအပ်လှူဒါန်းပွဲနှင့် ငှက်ဖျားရောဂါ ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာရှိ အမျိုးသမီးများနှင့် အမျိုးသမီးရေးရာ စကားဝိုင်းများဖွဲ့၍ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အခွန်အခအကြောင်း သိကောင်းစရာ တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA) က စီစဉ်ကျင်းပသည့် ပြည်တွင်းအခွန်ဦးစီးဌာနမှ "အခွန်အခအကြောင်း သိကောင်းစရာ"တွေ့ဆုံပွဲကို အောက်တိုဘာ ၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် International Business Centre (IBC) ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နားထောင်ပါဝင်ဆွေးနွေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့တွင်းလမ်းဘေးရေနုတ်မြောင်းများအား တူးဖော်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၇ရက်တွင် ရုံးဝန်ထမ်းများ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးနိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ဗိုလ်တထောင် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၁ရက်က ကျောင်းခန်းမ၌ ကျင်းပရာ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပညာရည်ချွန်ဆုရ မောင်ဟိန်းမင်းထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာနိုင်ငံ၏ အခြေအနေကို ပကတိအရှိအတိုင်း ရိုးသားဖြူစင်စွာရှုမြင်လျက် ဘက်လိုက်ခြင်းကင်းစွာ သမာသမတ်ရှိရှိ ရပ်တည်ထောက်ခံကြသော ကမ္ဘာ့နိုင်ငံများ၏ရှုထောင့်

စာဖတ်သူတစ်ဦး

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် အစဉ်တစိုက် ကြိုးပမ်းလုပ်ဆောင်ခဲ့ရာ ယနေ့အချိန်အခါတွင် ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးရန် တိုးမြှင့်လုပ်ဆောင်လာကြောင်း အားလုံးအသိပင် ဖြစ်ပါသည်။ သို့ရာတွင် ဤကမ္ဘာ၌ အမေရိကန်နိုင်ငံ၏ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်ကို လက်မခံသော၊ ခေါင်းငုံ့မခံသော နိုင်ငံအမြောက်အမြား ရှိနေပါသည်။ ထို့အတူပင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို ရိုးသားဖြူစင်သော စိတ်ဓာတ်အမှန်ဖြင့် နားလည်ရှုမြင်သော၊ အမှန်တရားဘက်မှ အစဉ်အမြဲရပ်တည်ထောက်ခံသော ကမ္ဘာ့နိုင်ငံများလည်း အများအပြားရှိနေကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

မြန်မာနိုင်ငံ အရေးကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ သဘောထားကို အကျယ်တဝင့်ဖော်ပြခဲ့ရာ၌–

ထိုကဲ့သို့အမေရိကန်၏ နည်းမျိုးစုံဖြင့် ဖိအားပေးမှု၊ စည်းရုံးမှုများရှိနေသည့်တိုင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို သိရှိသော၊ ကုလသမဂ္ဂနှင့်လုံခြုံရေးကောင်စီကို နိုင်ငံတစ်ခု၏ အကျိုးစီးပွားဖော်ဆောင်ရာ ယန္တရားတစ်ခုအဖြစ် အသုံးပြုခြင်းအားလက်မခံသော မိတ်ဆွေ နိုင်ငံများက မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်ထောက်ခံခဲ့သည်ကိုလည်း တွေ့ရပါသည်။

ဟူ၍ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

စက်တင်ဘာလ ၁၅ ရက်နေ့ လုံခြုံရေးကောင်စီဆွေးနွေးမှုတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်က **"မြန်မာနိုင်ငံ၏အခြေအနေကို သေသေချာချာလေ့လာရန် လိုအပ်ကြောင်း၊ လုံခြုံရေးကောင်စီသည် ကုလသမဂ္ဂအခြေခံမူများ၊ ရည်မှန်းချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းရန် တာဝန်ရှိကြောင်း၊ လူ့အခွင့်အရေး၊ ဒုက္ခသည်၊ မူးယစ်ဆေးဝါးနှင့် အေအိုင်ဒီအက်စ်ကိစ္စများကိုပါ ဆွေးနွေးမည်ဆိုပါက ယင်းသို့သောအခြေအနေမျိုးရှိသည့် နိုင်ငံတိုင်း၏ကိစ္စကို ဆွေးနွေးရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများက မြန်မာနိုင်ငံအရေးသည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်ဟု ယုံကြည်ခြင်းမရှိကြောင်း၊ ယခုကိစ္စတွင် ဒေသတွင်းနိုင်ငံတစ်ခုက လုံခြုံရေးကောင်စီသို့ အဆိုတင်သွင်းခြင်းမဟုတ်ဘဲ ဝေးလံသည့်ဒေသမှ နိုင်ငံတစ်ခုက ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်ဟု ပြောဆိုနေခြင်းသည် အဓိပ္ပာယ်မရှိသည့် လုပ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကိစ္စကို လုံခြုံရေးကောင်စီတွင် ဆွေးနွေးခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အပိုဒ် (၂၄)ကို ချိုးဖောက်ရာရောက်ကြောင်း"**ဖြင့် ဆွေးနွေးပြောကြားခဲ့သည်ကို တွေ့ရှိရပါသည်။

ထို့အတူပင် မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် မသင့်ကြောင်း ကန့်ကွက်မဲပေးခဲ့သည့် ကာတာနိုင်ငံ ကိုယ်စားလှယ်ကလည်း **"မြန်မာနိုင်ငံ၏ အခြေအနေသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုနေသည်ဟု မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများကမယူဆကြောင်း၊ မြန်မာနိုင်ငံကိစ္စအား လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းခြင်းသည် မလျော်ကန်ကြောင်း၊ သံတမန်ရေးရာ လမ်းကြောင်းကိုပါ ပိတ်သွားစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအခြေအနေအား လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းရေး ကြိုးပမ်းမှုကို ကာတာနိုင်ငံအနေဖြင့် ပယ်ချကြောင်း"** ဆွေးနွေးပြောကြားခဲ့သည်ဟုလည်း သိရှိရပါသည်။

အလားတူ ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ကြီးကလည်း အဖွဲ့ဝင်နိုင်ငံများ၏ ဆန္ဒသဘောထားကို ထင်ဟပ်၍ မြန်မာနိုင်ငံ၏အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်ဟု ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့က မှတ်ယူလက်ခံခြင်း မရှိကြောင်း၊ လုံခြုံရေးကောင်စီဝင် နိုင်ငံတစ်နိုင်ငံက မြန်မာနိုင်ငံရေးကိစ္စအား လုံခြုံရေးကောင်စီ အာဂျင်ဒါအတွင်း ရောက်ရှိအောင် အတင်းအဓမ္မဖိအားပေး၍ ဆောင်ရွက်နေခြင်းကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ဆန့်ကျင်ကန့်ကွက်ကြောင်း ၂၀၀၆ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့ကတည်းက စာရေးသားပေးပို့ အကြောင်းကြားလာခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အဆိုပါ အကြောင်းကြားစာသည် ၂၀၀၆ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့၌ ကျင်းပခဲ့သည့် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ ညှိနှိုင်းရေးဗျူရိုအစည်းအဝေးတွင် ဆွေးနွေးမှုများ၌ မြစ်ဖျားခံခဲ့ခြင်းဖြစ်ပါသည်။ ၎င်းအစည်းအဝေးတွင် **မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများက လည်းကောင်း၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့သာမက သီရိလင်္ကာနိုင်ငံက လည်းကောင်း "မြန်မာနိုင်ငံ၏အရေးကိစ္စသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက် ထိပါးခြင်း မရှိကြောင်း ထို့ကြောင့် လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းရန်မသင့်ကြောင်း" ရပ်တည်ပြောကြားခဲ့ကြပါသည်။**

ထို့အပြင် အာဖရိကနှင့် လက်တင်အမေရိကဒေသနိုင်ငံများမှ ဝင်ရောက်ထောက်ခံပြောကြားသူများကလည်း "မြန်မာနိုင်ငံသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်စေမှုရှိ၊ မရှိ ဆိုသည်ကို ဒေသတွင်းရှိနိုင်ငံများက အသိဆုံးပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းရှိ နိုင်ငံများက မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို မည်သို့မျှ ထိခိုက်စေခြင်းမရှိဟု ပြောကြားခဲ့ကြပြီးဖြစ်၍ မြန်မာနိုင်ငံကိစ္စကို လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းခြင်းမပြုသင့်ကြောင်း" ထောက်ခံရပ်တည်ပြောကြားခဲ့ကြပါသည်။

ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် **သီရိလင်္ကာနိုင်ငံတို့က ထောက်ခံရပ်တည်ပြောကြားကြသကဲ့သို့ အာဖရိကဒေသမှ အီဂျစ်နှင့် နိုင်ဂျီးရီးယားနိုင်ငံတို့ကလည်းကောင်း၊ လက်တင်အမေရိကဒေသမှ ကျူးဘား၊ ဗင်နီဇွဲလားနှင့် ဂွာတီမာလာနိုင်ငံတို့ကလည်းကောင်း အသီးသီးထောက်ခံပြောကြားခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံများစွာက တစ်ခဲနက်ထောက်ခံပြောကြားခဲ့ကြကြောင်း သိရှိရပါသည်။ ထို့ကြောင့်ပင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဥက္ကဋ္ဌ Mr.Hamidon Aliအနေဖြင့် လုံခြုံရေးကောင်စီ ဥက္ကဋ္ဌ Mr.Jean-Mase deLa Sablieraထံသို့ မြန်မာနိုင်ငံရေးကိစ္စကို လုံခြုံရေးကောင်စီအာဂျင်ဒါတွင် ထည့်သွင်းခြင်း မပြုရေးအတွက် ၂၀၀၆ ခုနှစ် ဇူလိုင် ၁၀ ရက်နေ့ကပင် စာတစ်စောင် ရေးသားပေးပို့ခဲ့ကြောင်း သိရှိရပါသည်။**

ယခုအခါ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်းမှာ ၁၉၁ နိုင်ငံ ဖြစ်ပါသည်။ ဘက်မလိုက် လှုပ်ရှားမှု အဖွဲ့ဝင် နိုင်ငံပေါင်းမှာ ၁၁၈နိုင်ငံရှိပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံ ရှိနေပါသည်။ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်အပေါ် တစ်ခဲနက်ရပ်တည် ထောက်ခံပေးခဲ့သည့် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့၏ကိုယ်စား အဖွဲ့ဥက္ကဋ္ဌက လုံခြုံရေးကောင်စီဥက္ကဋ္ဌထံ ရေးသားပို့ပေးခဲ့သော စာကို လေ့လာသိရှိနိုင်ရန်အတွက် ဖော်ပြလိုက်ပါသည်။ ယင်းစာ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

အဆွေတော်ခင်ဗျား–

လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်[...]
အာဂျင်ဒါ အတွင်းသို့ ရောက်ရှိစေရ[...]
ချမှတ်နိုင်ရန် ကြိုးပမ်းနေခြင်းအတွ[...]
ဖြစ်နေရကြောင်း တညီတညွတ်တည[...]
အဖွဲ့ဥက္ကဋ္ဌ တာဝန်ယူထားသော မိမိ[...]
ကောင်စီဥက္ကဋ္ဌထံ ယခုကဲ့သို့ မိမိတို့[...]
ဖြစ်ပါသည်။

လုံခြုံရေးကောင်စီအနေဖြင့် က[...]
အစည်းများနှင့် ဆက်ဆံဆောင်ရွက်ရ[...]
များကို လေးစားလိုက်နာဆက်ဆံ[...]
ထိန်းသိမ်းရန်အတွက် အဓိကကျသော[...]
အသိအမှတ်ပြု လက်ခံ ထားပါသ[...]
လူမှုရေးကောင်စီအပြင် အခြားသော [...]
စွက်ဖက်ခြယ်လှယ်နေမှုသည် ကုလ[...]
အရေးကိစ္စဖြစ်လာပါသည်။ ဤကိစ္[...]
ရပ်တည်ချက်ကို လုံခြုံရေးကောင်စီ[...]
S/2006/85ဖြင့်လည်းကောင်း၊ ၂၀[...]
ဖြင့်လည်းကောင်း စာများရေးသား[...]
ပူးတွဲပေးပို့ထားပါသည်။

လုံခြုံရေးကောင်စီအနေဖြင့် နိုင[...]
ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏[...]
ဖြစ်စေ တရားဝင်သော်လည်းကော[...]
ကောင်စီတွင် ထည့်သွင်းဆွေးနွေးရန်[...]
အပိုဒ်(၂၄)နှင့် ဆန့်ကျင်လျက်ရှိကြေ[...]
ထပ်မံဖော်ပြလိုပါသည်။

မြန်မာနိုင်ငံ၏ အခြေအနေသည[...]
ဖြစ်သည်ဟု ဘက်မလိုက်လှုပ်ရှားမှ[...]
နိုင်ငံတစ်နိုင်ငံက မြန်မာနိုင်ငံကိစ္စ[...]
အတင်းဖိအားပေး၍ ဆောင်ရွက်နေခြ[...]
ပါသည်။

မြန်မာနိုင်ငံ၏အရေးကိစ္စကို [...]
ခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတ[...]
ဖောက်ဖျက်ရာ ရောက်ပါသည်။ သို့ဖြ[...]
ဆောင်ရွက်ရာတွင် ကုလသမဂ္ဂပဋိည[...]
လေးစားလိုက်နာစေလိုကြောင်း ဘ[...]
ဖော်ပြအပ်ပါသည်။

ယင်းသို့ စာရေးသားအကြောင်းကြာ[...]
ကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထ[...]
၁၇ ရက်တွင် ကျူးဘားနိုင်ငံ ဟာဗားနားမြို့[...]
မြန်မာနိုင်ငံအရေးကိစ္စအား လုံခြုံရေးကေ[...]
အနေဖြင့် ၎င်း၏လုပ်ပိုင်ခွင့်ဘောင်မှ ကျော်[...]
အထွေထွေညီလာခံနှင့် စီးပွားရေးနှင့် [...]
လုပ်ဆောင်ခြင်းကို ဘက်မလိုက်လှုပ်ရှားမှုအ[...]
ကြေညာစာတမ်း (Final Document)[...]

ထို့ပြင် လုံခြုံရေးကောင်စီဆိုင်ရာကဏ္ဍ[...]
လုံခြုံရေးကောင်စီအား ကုလသမဂ္ဂပဋိညာ[...]
ကောင်စီအနေဖြင့် ငြိမ်းချမ်းရေးနှင့် လုံခြုံ[...]
ပတ်သက်၍ လုံခြုံရေးကောင်စီတွင် အ[...]
ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ်(၂၄)န[...]
ကြောင်း သိရပါသည်။ဆက်လက်၍ ဘက်[...]
စာတမ်း၌လည်း **"လက်ရှိအစိုးရကို ပြုတ်[...]**
များကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ပ[...]
ပါသည်။

အဆိုပါ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့[...]
အစိုးရအဖွဲ့အကြီးအကဲ ၅၇ ဦးတို့အပါအဝ[...]
တက်ရောက်ခဲ့ကြပါသည်။

ဤမျှဆိုလျှင် မြန်မာနိုင်ငံ၏ ပြည်[...]
အသုံးချခဲ့သော အမေရိကန်နိုင်ငံ၏ ဗိုလ်[...]
ကိစ္စသည် ပြည်တွင်းရေးသာဖြစ်ပြီး နိုင်ငံ[...]
ပကတိအရှိတရားအတိုင်း ရှုမြင်လျက် [...]
လျက်ရှိကြသော ကမ္ဘာ့နိုင်ငံများ၏ ရပ်[...]
ရေးသားလိုက်ရပါသည်။ ။

လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတကာ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိခိုက်စေခြင်းမရှိသော ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ အရေးကိစ္စတစ်ရပ်ကိုဖြစ်စေ သို့မဟုတ် ပြဿနာတစ်ရပ်ရပ်ကိုဖြစ်စေ တရားဝင်သော်လည်းကောင်း၊ အလွတ်သဘောသော်လည်းကောင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ထည့်သွင်းဆွေးနွေးရန် ကြိုးပမ်းဆောင်ရွက်မှုပြုခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းအပိုဒ်(၂၄)နှင့် ဆန့်ကျင်လျက်ရှိကြောင်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က အလေးအနက်ထားကာ ထပ်မံဖော်ပြ။

မြန်မာနိုင်ငံ၏ အခြေအနေသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိပါးသော ပြဿနာတစ်ရပ်ဖြစ်သည်ဟု ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က မှတ်ယူလက်ခံခြင်းမရှိ။ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက မြန်မာနိုင်ငံကိစ္စကို လုံခြုံရေးကောင်စီ အာဂျင်ဒါအတွင်းသို့ရောက်ရှိအောင် အတင်းဖိအားပေး၍ ဆောင်ရွက်နေခြင်းကိုလည်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ဆန့်ကျင်ကန့်ကွက်။

အဆွေတော်ခင်ဗျား-

လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံသည် မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီ အာဂျင်ဒါ အတွင်းသို့ ရောက်ရှိစေရန် ဆောင်ရွက်နေခြင်းနှင့်ဆုံးဖြတ်ချက် (Resolution)တစ်ရပ် ချမှတ်နိုင်ရန် ကြိုးပမ်းနေခြင်းအတွက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများက စိုးရိမ်မကင်း ဖြစ်နေရကြောင်း တညီတညွတ်တည်း ထုတ်ဖော်ပြောကြားလာမှုကြောင့် ဘက်မလိုက် လှုပ်ရှားမှု အဖွဲ့ဥက္ကဋ္ဌ တာဝန်ယူထားသော မိမိအနေဖြင့် ဘက်မလိုက်လှုပ်ရှားမှု နိုင်ငံများကိုယ်စား လုံခြုံရေး ကောင်စီဥက္ကဋ္ဌထံ ယခုကဲ့သို့ မိမိတို့၏ စိုးရိမ်မကင်း ဖြစ်နေရမှုများကို စာဖြင့်ရေးသားအသိပေးရခြင်း ဖြစ်ပါသည်။

လုံခြုံရေးကောင်စီအနေဖြင့် ကုလသမဂ္ဂ၏ အဓိက ပင်မအဖွဲ့အစည်းကြီးများ၊ အခြားအဖွဲ့ အစည်းများနှင့် ဆက်ဆံဆောင်ရွက်ရာတွင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူဝါဒများနှင့်ရည်မှန်းချက် များကို လေးစားလိုက်နာဆက်ဆံခြင်းသည် အဖွဲ့အစည်းအချင်းချင်းအကြားရှိ ဆက်ဆံရေးကို ထိန်းသိမ်းရန်အတွက် အဓိကကျသော အခြေခံလိုအပ်ချက်ဖြစ်ကြောင်း ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့က အသိအမှတ်ပြု လက်ခံ ထားပါသည်။ လုံခြုံရေးကောင်စီက အထွေထွေညီလာခံ၊ စီးပွားရေးနှင့် လူမှုရေးကောင်စီအပြင် အခြားသော အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များအပေါ် စွက်ဖက်ခြယ်လှယ်နေမှုသည် ကုလသမဂ္ဂ ပဋိညာဉ်နှင့်အညီ ဖြစ်၊ မဖြစ် မေးမြန်းဆန်းစစ်ရမည့် အရေးကိစ္စဖြစ်လာပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ သဘောထား ရပ်တည်ချက်ကို လုံခြုံရေးကောင်စီဥက္ကဋ္ဌထံ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်က စာအမှတ်- S/2006/85ဖြင့်လည်းကောင်း၊ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်က စာအမှတ်- S/2006/111 ဖြင့်လည်းကောင်း စာများရေးသားပေးပို့ခဲ့ပါသည်။ ထိုစာများ၏ မိတ္တူများကို ဤစာနှင့်အတူ ပူးတွဲပေးပို့ထားပါသည်။

လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတကာလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိခိုက်စေခြင်း မရှိသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ အရေးကိစ္စတစ်ရပ်ကိုဖြစ်စေ သို့မဟုတ် ပြဿနာတစ်ရပ်ရပ်ကို ဖြစ်စေ တရားဝင်သော်လည်းကောင်း၊ အလွတ်သဘောသော်လည်းကောင်း ကုလသမဂ္ဂလုံခြုံရေး ကောင်စီတွင် ထည့်သွင်းဆွေးနွေးရန် ကြိုးပမ်းဆောင်ရွက်မှုပြုခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ်(၂၄)နှင့် ဆန့်ကျင်လျက်ရှိကြောင်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က အလေးအနက်ထားကာ ထပ်မံဖော်ပြလိုပါသည်။

မြန်မာနိုင်ငံ၏ အခြေအနေသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိပါးသော ပြဿနာတစ်ရပ် ဖြစ်သည်ဟု ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က မှတ်ယူလက်ခံခြင်းမရှိပါ။ လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံက မြန်မာနိုင်ငံကိစ္စကို လုံခြုံရေးကောင်စီ အာဂျင်ဒါအတွင်းသို့ ရောက်ရှိအောင် အတင်းဖိအားပေး၍ ဆောင်ရွက်နေခြင်းကိုလည်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ဆန့်ကျင်ကန့်ကွက် ပါသည်။

မြန်မာနိုင်ငံ၏အရေးကိစ္စကို လုံခြုံရေးကောင်စီ အာဂျင်ဒါအတွင်း ထည့်သွင်းရန် ဆောင်ရွက် ခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူဝါဒနှင့်ရည်မှန်းချက်များ(အထူးသဖြင့် အပိုဒ်-၂၄)ကို ဖောက်ဖျက်ရာ ရောက်ပါသည်။ သို့ဖြစ်၍ လုံခြုံရေးကောင်စီအနေဖြင့် ၎င်း၏ လုပ်ငန်းတာဝန်များအား ဆောင်ရွက်ရာတွင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို လက်ကိုင်ပြုလျက် မူဝါဒများအပေါ် အပြည့်အဝ လေးစားလိုက်နာစေလိုကြောင်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးက ထပ်လောင်း၍ အလေးအနက် ဖော်ပြအပ်ပါသည်။

ယင်းသို့ စာရေးသားအကြောင်းကြားခဲ့သော်လည်း မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သဖြင့် စက်တင်ဘာလ ၁၇ ရက်တွင် ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ထိပ်သီးညီလာခံက မြန်မာနိုင်ငံအရေးကိစ္စအား လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းခြင်းသည် လုံခြုံရေးကောင်စီ အနေဖြင့် ၎င်း၏လုပ်ပိုင်ခွင့်ဘောင်မှ ကျော်လွန်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် **"လုံခြုံရေးကောင်စီက အထွေထွေညီလာခံနှင့် စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ လုပ်ပိုင်ခွင့်များအား ဝင်ရောက်စွက်ဖက် လုပ်ဆောင်ခြင်းကို ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့က စိုးရိမ်မကင်းဖြစ်ကြောင်း"** ဟူသည့်စာပိုဒ်ကို ထိပ်သီးညီလာခံ ကြေညာစာတမ်း (Final Document) တွင် ဖော်ပြခဲ့ပါသည်။

ထို့ပြင် လုံခြုံရေးကောင်စီဆိုင်ရာကဏ္ဍတွင်လည်း **"နိုင်ငံအကြီးအကဲများနှင့် အစိုးရ အကြီးအကဲများက လုံခြုံရေးကောင်စီအား ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကို လေးစားလိုက်နာရန် တောင်းဆိုကြောင်း၊ လုံခြုံရေး ကောင်စီအနေဖြင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်မှုမရှိသည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီတွင် အလွတ်သဘောဖြစ်စေ၊ တရားဝင်ဖြစ်စေ ဆွေးနွေးခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ်(၂၄)နှင့် ဆန့်ကျင်နေကြောင်း"** ဟူသည့် စာပိုဒ်ကို ထည့်သွင်းဖော်ပြခဲ့ ကြောင်း သိရပါသည်။ ဆက်လက်၍ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ မူဝါဒနှင့် အခန်းကဏ္ဍဆိုင်ရာ ကြေညာ စာတမ်း၌လည်း **"လက်ရှိအစိုးရကို ပြုတ်ကျစေပြီး အစိုးရသစ်တင်ရန် (Regime Change) ကြိုးပမ်းမှု များကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ပယ်ချသည်"** ဟူသည့် စာပိုဒ်ကို ထည့်သွင်းဖော်ပြခဲ့ကြောင်း သိရ ပါသည်။

အဆိုပါ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ထိပ်သီးညီလာခံသို့ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲ ၅၇ ဦးတို့အပါအဝင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် (၁၁၈)နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

ဤမျှဆိုလျှင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ရန်အတွက် ကုလသမဂ္ဂကို အသုံးချခဲ့သော အမေရိကန်နိုင်ငံ၏ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်ကို လည်းကောင်း၊ မြန်မာနိုင်ငံ၏ အရေး ကိစ္စသည် ပြည်တွင်းရေးသာဖြစ်ပြီး နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေမှု မရှိကြောင်း၊ ပကတိအရှိတရားအတိုင်း ရှုမြင်လျက် ဘက်လိုက်ခြင်းကင်းစွာဖြင့် မြန်မာနိုင်ငံဘက်မှ ထောက်ခံ လျက်ရှိကြသော ကမ္ဘာ့နိုင်ငံများ၏ ရပ်တည်မှုကိုလည်းကောင်း နှိုင်းယှဉ်သုံးသပ်နိုင်ပြီ ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

❒ **ရှေ့ဖုံးမှ**

ဗဟိုအလုပ်အမှုဆောင်နှင့် ဧည့်သည်တော်များသည် နှစ်ထပ်ကျောင်းဆောင် သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကိုကျင်းပရာ တိုင်းမှူးနှင့် ဗဟို အလုပ်အမှုဆောင်တို့က အမှာစကားအသီးသီးပြောကြားကြသည်။ ဆက်လက် ၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်လွင်က ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ် နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းထံပေးအပ်သည်။

ထို့နောက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် ဗဟိုအလုပ် အမှုဆောင်တို့၏ အလှူငွေနှင့် ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ မိသားစု၏ အလှူငွေကျပ်သိန်း ၅၀အပါအဝင် အလှူရှင်များက စုစုပေါင်းအလှူငွေကျပ် ၁၅၁သိန်းကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မွန်ပြည်နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးက ကျိုက်ထို မြို့ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်း စေတနာ့ညကျောင်းအတွက် အလှူငွေကျပ် တစ်သိန်းနှင့် စာရေး ကိရိယာများကိုလည်းကောင်း၊ သိမ်ဇရပ် အခြေခံပညာ အထက်တန်းကျောင်း စေတနာ့ညကျောင်းအတွက် အလှူငွေကျပ်တစ်သိန်း၊ မီးစက်နှင့်စာရေး ကိရိယာ များကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျိုက်ထိုမြို့နေ ရပ်မိရပ်ဖ ဦးစံမြက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ကျိုက်ထိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း "မြတ်ရတနာ" ကျောင်းဆောင်သစ်သည် အလျားပေ ၁၃၀၊ အနံပေ ၃၀ လေးခန်းတွဲ နှစ်ထပ်ကျောင်းဆောင် သစ်ဖြစ်ပြီး ငွေကျပ် ၂၉၁သိန်းကျော် အကုန်ကျခံ တည်ဆောက်ခဲ့သော ကျောင်းဆောင်သစ် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သို့ စက်ရေတွင်း လှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) သို့ စက်ရေတွင်း ဖွင့်လှစ် လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် အဆိုပါဆေးရုံကြီးဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးရွှေအိုးတို့က ဖဲကြိုးဖြတ်၍ စက်ရေ တွင်းသစ်ကို ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** စက်ရေတွင်းမှ သောက် သုံးရေထွက်ရှိမှု အရည်အသွေးကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗဟိုအမျိုးသမီး ဆေးရုံ(ရန်ကုန်) ပထမထပ်ရှိ အစည်း ဝေးခန်းမ၌ စက်ရေတွင်း လှူဒါန်းပွဲနှင့် အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ဗဟို အလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ ဒုတိယမြို့တော်ဝန် ဗိုလ်မှူး ကြီးမောင်ပါက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ အင်ဂျင်နီယာ ဌာန ရေနှင့်သန့်ရှင်းမှုဌာနမှူး ဒေါက်တာထွန်းသန်းထွန်းက စက်ရေ တွင်းနှင့် သက်ဆိုင်သည့် စာရွက် စာတမ်းများကို ဆေးရုံအုပ်ကြီး ဒေါက်တာဦးရွှေအိုးသို့ လွှဲပြောင်း ပေးအပ်သည်။

ပေးအပ်

ယင်းနောက် ဗဟိုအမျိုးသမီးဆေးရုံ ကြီး (ရန်ကုန်)ရှိ ဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဝန်ထမ်းများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အသင်းဝင်အဆိုပြုလွှာ ၄၇၁ စောင်ကို ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သင်းသင်းအေးကရန်ကုန် အနောက်ပိုင်းခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးနေဝင်းထံသို့ ပေးအပ်သည်။ (၁၉)

❍ **ပန်းသီးစားသုံးခြင်းမှ**

ပြောစမှတ် တစ်ခုရှိခဲ့သည်။ ထိုပြောစမှတ်သည် တစ်နေ့ပန်းသီးတစ်လုံး မှန်မှန်စားသုံးလျှင် ဆရာဝန်နှင့် ကင်းကင်းနေနိုင်သည်ဟူ၍ဖြစ်သည်။ ကျန်းမာစေနိုင်သည်ဟူ၍ ဆိုလိုခြင်းပင်ဖြစ်သည်။ ယခုနောက်ဆုံး လေ့လာ တွေ့ရှိချက်များက ထိုအဆိုမှန်ကန်သည်ကို ထောက်ခံလျက်ရှိသည်။

နောက်ဆုံးပြုလုပ်သော စူးစမ်းလေ့လာမှုအရဆိုပါက ပန်းသီးစားသုံးခြင်း ဖြင့် ရောဂါအတော်များများဒဏ်မှ အကာအကွယ်ရနိုင်သည်ကို တွေ့ရသည်။ အကာအကွယ်ရစေနိုင်သော ရောဂါများတွင် နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ကင်ဆာရောဂါအချို့တို့ပါဝင်သည်။

အာဟာရရှုထောင့်မှ လေ့လာဆန်းစစ်ကြည့်လျှင်မူ ပန်းသီးသည် အာဟာရကြွယ်ဝလှသော သစ်သီးမျိုးမဟုတ်သည်ကိုတွေ့ကြရသည်။ ထိုအသီး တွင် ဗီတာမင်စီဓာတ် အနည်းငယ်သာ ပါဝင်သည်။ လိမ္မော်သီးလောက် ဗီတာမင်စီကြွယ်ဝခြင်းမရှိပေ။

အမျှင်ဓာတ်ပါဝင်မှုရှုထောင့်မှကြည့်လျှင် ပန်းသီးသည် အတော်ကြီး အမျှင်ဓာတ် ပါဝင်မှုနည်းပါးသည်ကို တွေ့ရသည်။ ယခင်နည်းပညာအဟောင်း အရလေ့လာလျှင် ရေတွင် မပျော်သော အမျှင်ဓာတ်ကိုသာ အဓိကထား၍ လေ့လာကြသည်။ ရေတွင် မပျော်သောအမျှင်ဓာတ်များများပါသော အစား အစာသည် ဝမ်းမှန်စေသည်ဟု လက်ခံထားသည်။ ဂျုံ၊ ဆန်၊ ပြောင်း စသော နံ့စားသီးနံ့များသည် အမျှင်ဓာတ်များသော အစာများဖြစ်သည်။ ပန်းသီးတွင် ပျော်ဝင်စေနိုင်သော အမျှင်ဓာတ်များပါဝင်သည်။ ထိုဓာတ်များ၏ သတ္တိကြောင့် သွေးတွင် ပါဝင်သော ကိုလက်စထရောဓာတ်ကို လျော့ကျစေနိုင်သည့်အပြင် သွေးတွင်ပါဝင်သော သကြားဓာတ်အခြေအနေကိုလည်း ထိန်းပေးနိုင်သည်ဟု ဆိုသည်။

သို့ရာတွင် ယခုနောက်ဆုံးသုတေသနလေ့လာချက်အရ ပန်းသီးမှန်မှန် စားသုံးခြင်းသည် နှလုံးရောဂါဖြစ်ပွားမှုကို လျော့ပါးစေနိုင်သည်ကိုလည်းကောင်း၊ လေဖြတ် ရောဂါဖြစ်ပွားမှုနှင့် အခြားရောဂါများကို အကာအကွယ်ပေးနိုင်သည် ကို တွေ့ရှိရသည်ဟုဆိုသည်။

ဆက်လက်လေ့လာမှုများ ပြုလုပ်သောအခါ ပန်းသီးတွင် ရောဂါဘယကို တိုက်ခိုက်ပေးနိုင်သော ဖိုက်တိုဓာတုပစ္စည်း (Phytochemicals) အများ အပြားပါဝင်သည်ကို တွေ့ကြရပြန်သည်။ ဖိုက်တိုဓာတုပစ္စည်း များများစားသုံး လျှင် နှလုံးရောဂါဖြစ်ပွားမှု အခွင့်အလမ်းနည်းပါးစေရုံသာမက နှလုံးသွေးကြော ရောဂါ ဖြစ်ပွားမှုများကို လျှော့ချပေးနိုင်သည်ဟု ဆိုသည်။

ထို့အပြင် လေ့လာမှုအချို့အရ အူကင်ဆာ၊ အဆုတ်ကင်ဆာ စသည့် ကင်ဆာဖြစ်ပွားမှု အခြေအနေများကို ပန်းသီးတွင် ပါဝင်သော ဖလာဗိုနွိုက် ဓာတ်ပစ္စည်း (Flavonoid) များက လျှော့ချပေးနိုင်သည်ကိုလည်း လေ့လာ တွေ့ရှိရသည်ဟု ဆိုသည်။ **အင်တာနက်။**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၉-၂၀၀၆(သောကြာနေ့)

၁၃၆၈ခုနှစ်၊ သီတင်းကျွတ်လဆန်း(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ ဝေဠုဝန်ခေါ်ရုပ်ပွားတော် ထင်ပေါ်ကျော်ကြား စစ်ကိုင်းငါးထပ်ကြီးဘုရား

၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး

၈:၁၀ ၆။ ကြေးမုံရိပ်သွင်တေးနယ်ဥ

၈:၃၀ ၇။ International News.

၈:၄၅ ၈။ Islands Of Dhamma

၈:၅၀ ၉။ **ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊တိပိဋကရေ မ္မဘဏ္ဍာဂါရိက)တိပိဋက မဟာဂန္ဓဝင်ကျောင်း၊ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန် တိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း**

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄:၃၀ ၃။ **ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမ အကြိမ် မြေ့စကြာဝတ်ရွတ် ပူဇော်ပွဲ(ဒုတိယဆု) (အထက-၆၊ ဗိုလ်တထောင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)**

၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရက္ခဗေဒအထူးပြု)(ရက္ခဗေဒ)

၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၅:၁၅ ၆။ **"သတိတစ်ချက် တစ်သက်အမှား" (ကျော်မင်းနောင်၊ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**

၅:၃၀ ၇။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၅-၂၀) (အမျိုးသား၊အမျိုးသမီး)

၅:၄၅ ၈။ ဖြစ်ထွန်းအောင်မြင် ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခွင် (လိုက်ချီ၊ကြက်ဆူ)

၆:၀၀ ၉။ ညနေခင်းသတင်း

၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်

၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နတ်သမီး" (အပိုင်း-၅)**

၈:၀၀ ၁၃။ ပြည်တွင်းသတင်း

၁၄။ နိုင်ငံတကာသတင်းများ

၁၅။ မိုးလေဝသအခြေအနေ

၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး ပထမချစ်ပုံပြင်" (အပိုင်း-၄)**

၁၇။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာ ပွားများခြင်းတရားတော်

၁၈။ နောက်တစ်နေ့အစီအစဉ်

၁၉။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ စီးပွားရေးအခြေအနေသည် စဉ်ဆက်မပြတ် ခိုင်မာစွာတိုးတက်နေ စိုက်ပျိုးရေးထုတ်လုပ်မှု ဖူလုံသည်နှင့်အမျှ ကိုယ်ပိုင်ရပ်တည်နိုင်သည့်အခြေအနေရှိ

နေပြည်တော် စက်တင်ဘာ ၂၈

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ (၆၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို စက်တင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ စင်ကာပူသမ္မတနိုင်ငံ Sentee Singapore International Convention and Exhibition Centre**၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ အဖွဲ့ဝင် ၁၈၄ နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးများ၊ ဂါဗာနာများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။**

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေ အဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ (၆၁) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၀နာရီတွင် Sentee Singapore International Convention and Exhibition Centre၌ကျင်းပရာ နှစ်ပတ်လည် အစည်းအဝေးသဘာပတိ ဂူရာနာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Mr. Bharrat Jagdeoနှင့် စင်ကာပူ သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး Mr. Lee Hsein Loongတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Rodrigo De Rato က အဖွဲ့ဝင်နိုင်ငံများအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ငွေရေးကြေးရေး ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို သုံးသပ်ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Mr. Paul Wolfowitz က ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ကမ္ဘာ့ဘဏ် ဂါဗာနာများ ဖြစ်ကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများက နိုင်ငံအလိုက် ဘဏ္ဍာရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် စီးပွားရေးအခြေအနေများနှင့် ကမ္ဘာ့စီးပွားရေးအခြေအနေများ ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။

ကျင်းပ

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ (၆၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို စက်တင်ဘာ ၂၀ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ နိုင်ငံအသီးသီးမှ ဘဏ္ဍာရေးဝန်ကြီးများက နိုင်ငံအလိုက် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေး အခြေအနေများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ပြောကြားကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းကလည်း မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် စီးပွားရေးတိုးတက်မှု အခြေအနေများကို လည်းကောင်း၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံ လူမှုရေးဆိုင်ရာ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် မိမိပိုင်ရင်းမြစ်များဖြင့် စီးပွားရေးတည်ငြိမ်မှု ရရှိအောင် ကြိုးပမ်းနေကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး အခြေအနေသည် စဉ်ဆက်မပြတ် ခိုင်မာစွာ တိုးတက်နေသည်ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး ထုတ်လုပ်မှု ဖူလုံသည်နှင့်အမျှ ကိုယ်ပိုင်ရပ်တည်နိုင်သည့် အခြေအနေရှိကြောင်း၊ စက်မှုဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များနှင့်အညီ သင့်လျော်သည့် မူဝါဒများကို ချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထောင်စုနှစ် ရည်မှန်းချက်များ (MDGS) ကို အောင်မြင်ရန် အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများ ရှိဆဲဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ရည်မှန်းချက်များ ပြည့်မီစေရန် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း။

ပါဝင်ဆောင်ရွက်

မြန်မာနိုင်ငံအနေဖြင့် မည်သည့် အကြမ်းဖက်တိုက်ခိုက်မှုကိုမျှ လက်မခံကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှု အပေါ် ငွေကြေးထောက်ပံ့မှု၊ ငွေကြေးခဝါချမှုနှင့် လူမှောင်ခိုကူးမှုတို့ကို တိုက်ဖျက်ရန် စဉ်ဆက်မပြတ် အားထုတ်လျက်ရှိကြောင်းတို့ကို နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် သိရှိစေလိုကြောင်း၊ မိမိတို့အနေဖြင့် အပြည်ပြည်ဆိုင်ရာ စံနှုန်းများ၊ သတ်မှတ်ချက်များနှင့်အညီ ဆီလျော်သည့် ဥပဒေနှင့် နည်းဥပဒေများကို ထုတ်ပြန်ပြီး ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိပြီး စီးပွားရေး ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊ ကုန်သွယ်ရေး ပိုမိုချောမွေ့စေရန်နှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးတိုးချဲ့ရန်၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရန်တို့အတွက် ဒေသဆိုင်ရာ စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

အားထုတ်

နိုင်ငံတကာ အဖွဲ့အစည်းနှစ်ရပ်အတွင်း တူညီသည့် ပြောရေးဆိုခွင့်ရှိရန်လည်း လိုအပ်ကြောင်း၊ ဦးဆောင်မှုအခန်းကဏ္ဍ၌ တာဝန်ယူဆောင်ရွက်ရာတွင်လည်း ၎င်းတို့၏ အဓိကတာဝန်ကို မမေ့လျော့ရန် လိုအပ်ပြီး မူဝါဒ ချမှတ်ရေး လုပ်ငန်းစဉ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကိုယ်စားပြုမှုကို တိုးမြှင့်ပေးရန်လိုအပ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့အနေဖြင့် ဘက်လိုက်ခြင်းမရှိဘဲ မက်ခရိုစီးပွားရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရသော နိုင်ငံများအား တိုးမြှင့်အထောက်အပံ့ပေးသွားရန်ကို တောင်းဆိုလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ စီးပွားရေးတိုးတက်မှုအရှိန်ကို ဆက်လက်ထိန်းထားရန်အတွက်ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ယင်းနောက် သဘာပတိ ဂူရာနာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ (၆၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ဆွေးနွေး

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ (၆၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ကျင်းပနေစဉ် ကာလအတွင်း Overseas Chinese Banking Corporation ဒုတိယအမှုဆောင်ဥက္ကဋ္ဌသည် စက်တင်ဘာ ၂၀ ရက် ညနေပိုင်းတွင် လာရောက်တွေ့ဆုံပြီး နှစ်ဦးနှစ်ဖက် အကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ (၆၁) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော် လေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဦးသန်းညိန်း၊ ဝန်ကြီးဌာနမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်နှင့် ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွင့်တို့ ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ရှင်းလင်းပြောကြား

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း စင်ကာပူသမ္မတနိုင်ငံ Sentee Singapore International Convention and Exhibition Centre **၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ (၆၁) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။** (ဘဏ္ဍာ/အခွန်)

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) စက်တင်ဘာ ၁၇ ရက်တွင် လားရှိုးမြို့မှ တစ်ဆင့် လောက်ကိုင် မြို့သို့ရောက်ရှိပြီး ညပိုင်းတွင် ဒေသမှတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးသည်။

ညွှန်ကြားရေးမှူးချုပ်ဦးသန်းဆွေသည် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် လောက်ကိုင်မြို့ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်စစ်ဆေးပြီး ထိုမှတစ်ဆင့် ဘိန်းအစားထိုးစံပြစိုက်ခင်းများ အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထောက်ပံ့ပေးထားသော အထွက်ကောင်းမျိုးများ စိုက်ပျိုးထားသည့် မန်ခါးစပါးစိုက်ခင်း၊ စီအောစပါးစိုက်ခင်းနှင့် မူကွာကျိုင်းစပါး စိုက်ခင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှ တာရွှေထန် ဘိန်းအစားထိုးပြောင်းခင်းများ ဖြစ်ထွန်းမှုကို ကြည့်ရှုပြီး ဘိန်းအစားထိုး သစ်ကြားပျိုးပင်များ ဖြန့်ဝေပြီးစီးမှုနှင့် ဆက်လက်ပျိုးထောင်မှုကို ကြည့်ရှုသည်။ ထိုမှ တာရွှေထန်-ကုန်းကြမ်းလမ်းကို ကျောက်တုံးစီကျောက်ချောလမ်း ခင်းကျင်းပြီးစီးသည့် ၂၂ ကီလိုမီတာ လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးသည်။

စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် လောက်ကိုင်မြို့ရှိ နယ်လှည့်ဖွံ့ဖြိုးရေးရုံးနှင့် စက်ပြင်အလုပ်ရုံတို့ကို စစ်ဆေးပြီး နယ်စပ်ဝန်ထမ်းများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ မှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေသည်ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လောက်ကိုင်မြို့ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းသို့သွားရောက်စစ်ဆေးရာ ကျောင်းအုပ် ဦးစိုင်းသန်းထွင့်နှင့် နည်းပြများက သင်တန်းကျောင်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး သင်တန်းလက်တွေ့ဆောင်ရွက်မှုများကို စစ်ဆေးကာလိုအပ်သည်များ မှာကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောက်လုပ်ထားသည့် လောက်ကိုင်မြို့ ပြည်သူ့ဆေးရုံသစ်ကို သွားရောက်စစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာတင်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ တာရွှေထန် - ကုန်းကြမ်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၉-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၁၅** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၂၅** ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၄၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၃၀** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၅** ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လွမ်းမပြေ" (အပိုင်း-၃)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ **သံဃာ့ဂုဏ်ရည်မြတ်လယ်တီ** -သရဏဂုံတော်ကြီး
- ၁၉။ စိုက်ပျိုးသုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘက်မတူတဲ့တက်လူ" (အပိုင်း-၁၀)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများနှင့် နိုင်ငံတော်၏ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သိကောင်းစရာများအကြောင်း အသိပညာပေး ဟောပြောဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး၊ ကြက်ငှက်တုပ်ကွေးကာကွယ်ရေး ဟောပြော

နေပြည်တော် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က ကြီးမှူး၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများနှင့် နိုင်ငံတော်၏ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သိကောင်းစရာများအကြောင်း အသိပညာပေး ဟောပြောဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ပျဉ်းမနားမြို့ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း ကျောင်းခန်းမ၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ဆွေဆွေဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်၊ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကြင်ခိုင်၊ ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီနီဝင်း၊ စည်းရုံးရေးဌာနကြီး အဖွဲ့ဝင် ဒေါ်နွဲ့နွဲ့ဝင်းနှင့် ကျန်းမာရေး လုပ်ငန်းအဖွဲ့ခွဲဝင်များ၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ မိခင်အရွယ် အုပ်ထိန်းသူများနှင့် ငယ်ရွယ်သူအမျိုးသမီးများ၊ မွေးမြူရေးလုပ်ငန်းရှင်များ စုစုပေါင်း ၅၂၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ဆွေဆွေဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များ ပျဉ်းမနားမြို့ မြန်မာ့စိုက်ပျိုးမွေးမြူရေး လုပ်ငန်း(ရုံးချုပ်) ကြက်မွေးမြူရေးခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်တားဆီးကာကွယ်ရေး လုပ်ငန်းဆိုင်ရာများ အကြံပြုဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ဟောပြောဆွေးနွေး

ဆက်လက်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာန လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့မှ ဒုတိယရဲမှူး ဉမ္မာရင်မိက နိုင်ငံတော်၏ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၏ လူကုန်ကူးမှု တိုက်ဖျက်ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ကျန်းမာ၊ ပညာ) ဒေါက်တာ ခင်မောင်လွင်က ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သိကောင်းစရာများအကြောင်းကို လည်းကောင်း အသိပညာပေး ဟောပြော ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသော ပျဉ်းမနားခရိုင်နှင့် မြို့နယ်တို့မှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် မွေးမြူရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အဖွဲ့ခေါင်းဆောင်များက ပြန်လည်ဆွေးနွေး ဖြေကြားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အကြံပြုဆွေးနွေး

ထို့နောက် တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦးနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး ခေါင်းဆောင်သော အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံဝင်း အတွင်းရှိ မြန်မာ့စိုက်ပျိုးမွေးမြူရေး လုပ်ငန်း(ရုံးချုပ်) ကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုကြပြီး ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်တားဆီး ကာကွယ်ရေး လုပ်ငန်းဆိုင်ရာများကို အကြံပြုဆွေးနွေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၏ ဇနီး ဒေါ်ဆွေဆွေဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်း ကျေးရွာအုပ်စု အောင်ချမ်းသာ ကွက်သစ်ရှိ ခြံပိုင်ရှင် ဦးမျိုးမင်းရွှေ၏ ကြက်မွေးမြူရေးခြံသို့ သွားရောက်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းဆိုင်ရာများကို ကွင်းဆင်းသွားရောက် ဆွေးနွေးကြသည်။ (သတင်းစဉ်)

သုံးခွမြို့နယ် ဖွဲ့ထော်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအုံးကြိုင် ဝိစာရ အင်တာနေရှင်နယ် ကုမ္ပဏီ လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးနေဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

အာဆီယံတည်ထောင်ခြင်း နှစ်(၄၀)ပြည့် အထိမ်းအမှတ်တံဆိပ်(Logo)ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အာဆီယံအဖွဲ့ကြီးသည် ၂၀၀၇ ခုနှစ် ဩဂုတ် ၈ ရက်တွင် အာဆီယံတည်ထောင်ခြင်း အနှစ်(၄၀) ပြည့်မြောက်ပြီဖြစ်သဖြင့် အထိမ်းအမှတ်အခမ်းအနားများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ လည်းကောင်း၊ ဆွေးနွေးဖက် ဆက်ဆံရေးရှိသည့် နိုင်ငံများ၌ လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန်ရှိသည်။

ထိုအခမ်းအနားများတွင် အသုံးပြုရန်အတွက် အထိမ်းအမှတ်တံဆိပ် (Logo)တစ်ခုကို အဖွဲ့ဝင်နိုင်ငံများအတွင်း ပြိုင်ပွဲများကျင်းပ၍ ဦးစွာရွေးချယ်ပြီး အာဆီယံ ၁၀ နိုင်ငံအတွင်း ထပ်မံယှဉ်ပြိုင်ရွေးချယ်ရန်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံအတွင်း အမျိုးသားအဆင့်ပြိုင်ပွဲ(National Level Contest) အတွက် စိတ်ပါဝင်စားသူ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်ထားသည်။

အနှစ်(၄၀)ပြည့် အာဆီယံနေ့အထိမ်းအမှတ်အခမ်းအနားများ၏ ဦးတည်ချက် (Theme)ဖြစ်သော လှုပ်ရှားတက်ကြွသော အာရှ၏ ဗဟိုချက်မတစ်ခုတည်းသော အာဆီယံ (One ASEAN: at the Heart of Dynamic Asia) ကို အနုပညာသဘောသက်ဝင်စွာ သရုပ်ဖော်နိုင်ရမည် ဖြစ်သည်။ တစ်ခုတည်းသော အာဆီယံဆိုသည်မှာ အဖွဲ့ဝင် ၁၀ နိုင်ငံအနေဖြင့် တစုတစည်း ညီညွတ်စွာ ရပ်တည်နေထိုင်သောသဘောကို ဆိုလိုရင်းဖြစ်ပြီး အနာဂတ်အတွက် လှုပ်ရှားတက်ကြွသော အင်အားအလားအလာရှိသည့် အာရှဒေသ၌ အာဆီယံသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်ဟု ဆိုလိုရင်းဖြစ်သည်။

(Logo)တွင် အာဆီယံအမှတ်တံဆိပ်ကို ထည့်သွင်းအသုံးပြုမည်ဆိုပါက အရောင်နှင့် ပုံသဏ္ဌာန် ပျက်ယွင်းခြင်းမရှိစေရဘဲ အာဆီယံအမှတ်တံဆိပ်၏ မူရင်းအရောင်များကို http:// WWW. asean sec.org / 7095.htm တွင် ရရှိနိုင်သည်။

ပါဝင်ယှဉ်ပြိုင်သူ သို့မဟုတ် အုပ်စုအဖွဲ့အနေဖြင့် မိမိတို့ ကိုယ်ပိုင်စိတ်ကူးဖြင့် ကိုယ်တိုင်ရေးဆွဲ ဖန်တီးခြင်းဖြစ်ကြောင်းကို အာမခံရမည်ဖြစ်ပြီး အဓိပ္ပာယ်ရှင်းလင်းချက်ကိုလည်း ပူးတွဲတင်ပြရမည်ဖြစ်သည်။

(Logo)ကို ရောင်စုံဖြင့်တစ်ပုံ (The full colour version)၊ အဖြူအမည်းတစ်ပုံ(The black and white version) နှစ်ပုံ ပူးတွဲပေးပို့ရမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်သူတစ်ဦး (သို့မဟုတ်) အများ၏အမည်နှင့် မှတ်ပုံတင်အမှတ်၊ လိပ်စင်ဓာတ်ပုံတစ်ပုံတို့ကို ပူးတွဲလျက် အာဆီယံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်သို့ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၃၁ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီခွဲ နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။

လက်ခံရရှိသော Logoများအနက်မှ အသင့်လျော်ဆုံးတစ်ခုကို အကဲဖြတ်အဖွဲ့က ရွေးချယ်၍ နိုဝင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး ဆုငွေအဖြစ် ဉာဏ်ပူဇော်ခ ပထမဆုအတွက် FEC ၅၀၀ နှင့် နှစ်သိမ့်ဆုငါးဆုအတွက် FEC ၁၀၀ စီတို့ကို ချီးမြှင့်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် ကျန်အာဆီယံနိုင်ငံများမှ ဝင်ရောက်ယှဉ်ပြိုင်သော Logo များကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလအတွင်း အပြီးသတ် ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရပါက Logo ဒီဇိုင်းရေးဆွဲသူအား အမေရိကန်ဒေါ်လာ ၅၀၀၀ ကို ချီးမြှင့်မည်ဖြစ်သည်။

အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ဆက်လက်ပေးပို့သော Logo ဒီဇိုင်းမူပိုင်ခွင့်ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ရရှိမည်ဖြစ်သည်။ (သတင်းစဉ်)

သုံးခွမြို့နယ် ဖွဲ့ထော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ အထောက်အကူပြုပစ္စည်းများနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ဖွဲ့ထော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ အထောက်အကူပြုပစ္စည်းများနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၁ရက် နံနက် ၁၁နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်လက်ထောက်ပညာရေးမှူး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝိစာရ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးနေဦးက ကျပ်ရှစ်သိန်း တန်ဖိုးရှိ အမိုးသွပ်ပြား ၁၀၉ချပ်နှင့် ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ ရောင်စုံရုပ်မြင်သံကြားစက် တစ်လုံးကို လည်းကောင်း၊ သုံးခွမြို့မှ ဦးဟံစိန်-ဒေါ်စမ်းမြင့်(ရွှေဝါမြေ စိုက်ပျိုးရေးဆေးဆိုင်)တို့က ကျပ် ၂၂၀၀၀၀ တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်များ၊ ခဲတံနှင့် ခဲဖျက်တို့ကို လည်းကောင်း၊ ဖွဲ့ထော်ကျေးရွာနေ ပြည်သူများက ကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ မီးစက်တစ်လုံးနှင့် ကျပ်၇၀၀၀၀ တန် ဒီဗွီဒီစက်တစ်လုံး စုစုပေါင်း တန်ဖိုး ၁၆၉၀၀၀၀ တန်ဖိုးရှိ ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးအုံးကြိုင်က အလှူရှင်များကိုယ်စား ဝိစာရ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးနေဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး အလယ်တန်းကျောင်းသူ မနီလာမွန်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် မင်္ဂလာဒုံမြို့နယ် မလွန်ဩဝါဒါစရိယ ဆရာတော် ဦးစန္ဒောဘာသနှင့် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှ အလှူတော်ငွေကျပ် ၁၄၅၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)နှင့် အမှုဆောင် ဆရာတော် အရှင်ကုသလ (M.A)တို့ ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၈-၉-၂၀၀၆)

ချောက်
၂ ဒသမ ၁၇ လက်မ
ညောင်ဦး
၁ ဒသမ ၅၀ လက်မ
မင်းဘူး
၁ ဒသမ ၄၂ လက်မ
မကွေး
၁ ဒသမ ၃၀ လက်မ
အောင်လံ
၀ ဒသမ ၆၃ လက်မ

တိုးချဲ့မြေဝယ်ယူရန် ငွေလှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် မင်္ဂလာဒုံမြို့နယ် မလွန်ဩဝါဒါစရိယ ဆရာတော် ဦးစန္ဒောဘာသအား အမှူးထား၍ မင်္ဂလာဒုံ ဆီ၊ ဆွမ်း အလှူတော်အဖွဲ့က အလှူတော်ငွေ ကျပ် ၂၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)၊ အမှုဆောင် ဆရာတော် အရှင်ကုသလ (M.A) တို့ ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)



မိခင်ကြီးဒေါ်သိန်းမြအား အမှူးထား၍ တောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက်၊ ဇာနည်အထက် ၁၃ လမ်းနေ ဦးတင်မြင့်မိသားစုက ဥက္ကလာပ စေတီတော်ကြီး ပန်းတင်ခုံသံပန်းကာရန် အလှူငွေကျပ် ၁၂၅၀၀၀ ကို ဩဝါဒါစရိယ (ပျော်ဘွယ်)ဆရာတော် ဦးနာရိန္ဒထံမှ ရေစက်ချအနုမောဒနာ တရားနာကြားပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၆၄)

အင်တာနက်အားကစားသတင်းများ

လက်ဗ်စကီးဆိုဖီယာကို ချယ်လ်ဆီးအနိုင်ယူ

ဆိုဖီယာ စက်တင်ဘာ ၂၈

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အုပ်စု (က)တွင် ပါဝင်သည့် ချယ်လ်ဆီးအသင်းနှင့် ဘူဂေးရီးယားနိုင်ငံမှ လက်ဗ်စကီးဆိုဖီယာ အသင်းတို့ ဆိုဖီယာမြို့တွင် စက်တင်ဘာ ၂၇ ရက်က ယှဉ်ပြိုင်ကစားကြရာ ချယ်လ်ဆီးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ချယ်လ်ဆီးအသင်းမှ ဒစ်ဒီယာ ဒရော့ဂ်ဘာ တစ်ဦးတည်း သုံးဂိုးသွင်းယူကာ ဟက်ထရစ်ဂိုးများ ရရှိသည်။

ပွဲချိန် ၃၉ မိနစ်၊ ၅၂ မိနစ်နှင့် ၆၆ မိနစ်တို့တွင် ဒရော့ဂ်ဘာက ဂိုးများသွင်းယူခဲ့သည်။ လက်ဗ်စကီးဆိုဖီယာ အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၈၉ မိနစ်တွင် အော်ဂနီယန်နော့ဗ်က သွင်းယူသည်။

အခြားပွဲရလဒ်များ

ဘောဒိုး (၀-၁) ပီအက်စ်ဗွီ
အင်တာမီလန် (၀-၂) ဘေယန်မြူးနစ်
ရက်တာဒိုးနက် (၂-၂) အိုလံပီယာကော့စ်
စပါးတက်မော်စကို (၁-၁) စပို့တင်း
ဗလင်စီယာ (၂-၁) ရိုးမား
ဝါဒါဘရီမင် (၁-၁) ဘာစီလိုနာ။

အင်တာနက်။

စက်တင်ဘာ ၂၇ ရက်က ကျင်းပသော ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်း တိုက်စစ်မှူး ဒရော့ဂ်ဘာ (ဝဲ)၏ ထိုးဖောက်မှုကို လက်ဗ်စကီးဆိုဖီယာအသင်းမှ နောက်တန်းလူ တိုမာဆစ် ဖျက်ထုတ်စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ လီဗာပူးအသင်း အနိုင်ရ

လန်ဒန် စက်တင်ဘာ ၂၈

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အုပ်စု(ဂ) ပွဲစဉ်အဖြစ် လီဗာပူးအသင်းနှင့် ဂလာတာဆာရေး အသင်းတို့ လီဗာပူးမြို့ရှိ အန်းဖီးလ်ကွင်းတွင် စက်တင်ဘာ ၂၇ ရက်က ယှဉ်ပြိုင်ကစားကြရာ လီဗာပူး အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ယင်းပွဲတွင် ပီတာခရော့ချ် တစ်ဦးတည်းက လီဗာပူးအသင်းအတွက် နှစ်ဂိုးသွင်းပေးခဲ့သည်။ ၂၀၀၅ခုနှစ်က အောင်ပွဲရယူခဲ့သော လီဗာပူးအသင်းကို တူရကီနိုင်ငံမှ ဂလာတာဆာရေး အသင်းက ခြိမ်းခြောက်နိုင်ခဲ့သော်လည်း ပီတာခရော့ချ်၏ ထူးခြားသော စွမ်းဆောင်မှုနှင့်အတူ မိမိတို့ အနိုင်ရကြောင်း နည်းပြ ရာဖေးလ်ဘင်နီတက်ဇ်က ပြောကြားသည်။

ဂိုးသွင်း

လီဗာပူးအသင်းအတွက် ပွဲချိန် ကိုးမိနစ်တွင် ခရော့ချ်က ဂိုးသွင်းပေးခဲ့ပြီး ပွဲချိန် ၁၄ မိနစ်နှင့် ၅၂ မိနစ်တို့တွင် လူးဝစ်ဂါစီယာနှင့် ခရော့ချ်တို့က အသီးသီး ဂိုးသွင်းခဲ့ကြသည်။

ဂလာတာဆာရေး အသင်းအတွက် ကာရန်တစ်ဦးတည်းက ပွဲချိန် ၅၉မိနစ်နှင့် ၆၅ မိနစ်တို့တွင် နှစ်ဂိုးသွင်းခဲ့သည်။

အင်တာနက်။

လီဗာပူးအသင်းမှ စတီဗင်ဂျရတ် (ယာ)နှင့် ဂလာတာဆာရေးအသင်းမှ မာမက်တိုပယ်တို့ အကြိတ်အနယ် ယှဉ်ပြိုင် ကစားကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂါရီနေးစမစ် ဒူးခေါင်းဒဏ်ရာရ

လီဗာပူး စက်တင်ဘာ ၂၈

အဲဗာတန်အသင်းမှ နောက်တန်းဘောလုံးသမား ဂါရီနေးစမစ်၏ ဒူးခေါင်းဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် ရက်သတ္တ ခြောက်ပတ်ထက်မနည်း ဘောလုံး ကစားနိုင်မည်မဟုတ်ကြောင်း စက်တင်ဘာ ၂၈ရက် အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စကော့တလန်လူမျိုး နေးစမစ်သည် နယူးကာဆယ်ယူနိုက်တက် အသင်းနှင့် စက်တင်ဘာ ၂၄ ရက်က ယှဉ်ပြိုင်ကစားသော ပွဲအတွင်း ထိခိုက် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

တိုက်စစ်မှူး ထရက်ဇီဂေးကို ဂျူဗင်တပ်စ်နည်းပြ အားထား

ပါရီ စက်တင်ဘာ ၂၈

လာမည့်လတွင် ကျင်းပမည့် ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများအတွက် စကော့တလန်အသင်း၊ ဖာရိုးကျွန်းစုအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရသည့်အခါ မိမိတို့၏ တိုက်စစ်မှူး ဒေးဗစ်ထရက်ဇီဂေးကို အားထားရလိမ့်မည်ဟု မိမိယုံကြည်ကြောင်း ဂျူဗင်တပ်စ်အသင်း၏ နည်းပြ ရေမွန်းဒေါမနစ်ချ်က စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

ပြီးခဲ့သည့် ဇူလိုင်လက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အီတလီအသင်းနှင့် ယှဉ်ပြိုင်ကစားရာ၌ ပယ်နယ်တီအဆုံးအဖြတ်ကို ရယူခဲ့ရာတွင် ထရက်ဇီဂေး ကန်သွင်းသော ပယ်နယ်တီဂိုးမှာ ဂိုးဝင်ခဲ့ခြင်းမရှိပေ။

ထရက်ဇီဂေးသည် ယူရို ၂၀၀၈ ခြေစစ်ပွဲအဖြစ် လွန်ခဲ့သည့်လက ဂျော်ဂျီယာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် ထိခိုက်ဒဏ်ရာ ရရှိထားခြင်းကြောင့် ပါဝင်နိုင်ခဲ့ခြင်းမရှိပေ။

အသက် ၂၈ နှစ်အရွယ်ရှိ ထရက်ဇီဂေးသည် ပြင်သစ်အသင်းအတွက်၆၆ပွဲ ကစားရာ၌ ဂိုးပေါင်း ၃၂ ဂိုး သွင်းခဲ့သည်။ *အင်တာနက်။*

ဂျူဗင်တပ်စ် တိုက်စစ်မှူး ဒေးဗစ်ထရက် ဇီဂေး။
(ဓာတ်ပုံ-အင်တာနက်)

✻ မြန်မာနိုင်ငံတော်မှ

(၁) အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံ အခြေအနေအား လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း ကြားသိရပါသည်။

(၂) မြန်မာနိုင်ငံတော်၏ ရရှိထားပြီးသော တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် အဘက်ဘက်မှဖွံ့ဖြိုး တိုးတက်မှုတို့နှင့်အညီ ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ထိခိုက်ပြီး အဟန့်အတား ဖြစ်စေသည့်အတွက်ကြောင့် လက်မခံနိုင်ကြောင်းနှင့် ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
(ဗဟို)ဦးစီးကော်မတီ
ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၃)
SSA အဖွဲ့

အောက်တိုဘာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် စက်တင်ဘာ ၂၈

ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်မှာ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ် သို့ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေ

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၁၅ ရက်မှ ၁၈ ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ၁၀ ရက်မှ ၁၂ ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်နှင့် ပဲခူးမြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

အရှင်သုန္ဒရတရားပွဲ

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေစက်တော်ကျောင်း မိုးကုတ်နယ်လှည့်ဓမ္မကထိက ဆရာတော် အရှင်သုန္ဒရသည် အုတ်တွင်းမြို့ မိုးကုတ်ရိပ်သာအဖွဲ့ခွဲ(၁၄၀)တွင် အောက်တိုဘာ ၃ရက်မှ ၉ရက်အထိ၊ ပွင့်ဖြူမြို့ စံပြ မိုးကုတ်ရိပ်သာအဖွဲ့ခွဲ (၃၃၄)တွင် အောက်တိုဘာ ၁၃ရက်မှ ၁၉ရက်အထိ၊ အောက်တိုဘာ ၂၅ရက်တွင် ကိုဝင်းကျော်–မတင်ရွှေ မိသားစုတို့၏အလှူပွဲ၊ အောက်တိုဘာ ၂၈ရက်တွင် ကျောက်မြောင်း ဒေါ်လွင်လွင်မြ မိသားစုတို့၏ ကထိန်ပွဲ၊ အောက်တိုဘာ ၂၉ရက်တွင် ရန်ကုန်မြို့ ရွှေစက်တော်ကျောင်း ကထိန်ပွဲများတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါး တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ (က–ပ)

လက်ပံတန်းမြို့ ဝါတွင်း အရုဏ်တော်ဆွမ်းလောင်းလှူခြင်း

နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ဆွမ်းလောင်းဓမ္မာရုံကြီးတည်ဆောက်ရန် နှိုးဆော်ခြင်း။

လက်ပံတန်းမြို့တွင် သံဃိကဒါနဝါတွင်း အရုဏ်ဆွမ်းလောင်းလှူခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆွမ်းလောင်းဓမ္မာရုံကြီးတည်ဆောက်ရန်အတွက် အလှူတော်ငွေများကို အောက်ပါပုဂ္ဂိုလ်များထံ ထည့်ဝင်လှူဒါန်းကုသိုလ်ရယူကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

၁။ ဆရာမကြီးဒေါ်ခင်ညွန့် ဖုန်း– ၀၅၃–၃၂၁၁၈ လက်ပံတန်းမြို့၊
၂။ ဒုတိယဗိုလ်မှူးကြီးသိန်းဟန်(ငြိမ်း) လက်ပံတန်းမြို့၊
၃။ ဦးမောင်မောင်ဌေး (ကန်တစ်ရာ) ဖုန်း– ၀၅၃–၃၂၀၆၅ လက်ပံတန်းမြို့၊
၄။ ဒေါက်တာကံဌေး(မွေးကုဆရာဝန်) ဖုန်း–၀၅၃–၃၂၃၂၆ လက်ပံတန်းမြို့၊
၅။ ဒေါ်စန်းနွဲ့ ဖုန်း– ၀၁–၆၆၄၆၁၇ ရန်ကုန်မြို့၊
၆။ ဦးတင့်လွင် ဖုန်း– ၀၁–၂၉၁၄၆၃၊ ၀၁–၂၀၀၆၆၃ ရန်ကုန်မြို့၊
၇။ ဒေါ်မေခိုင်ဝင်း–ဒုတိယညွှန်ကြားရေးမှူး၊ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန၊ဖုန်း–ရုံး ၀၁–၆၆၇၂၉၄၊ ၀၉–၅၁ ၀၄၅၆၈ ရန်ကုန်၊
၈။ ဗိုလ်မှူးနိုင်ဝင်း (ငြိမ်း) ညွှန်ကြားရေးမှူး၊ စည်ပင်သာယာရေးဦးစီးဌာန၊ ဖုန်း–၀၆၇–၄၀၉၄၁၁ နေပြည်တော်

မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ အထူးရိုက်ကူးစီစဉ်တင်ဆက်သည်

ဒါရိုက်တာ အကယ်ဒမီများရှင် စင်ရော်မောင်မောင်၏ ထူးခြားသည်ဆိုသော ဇာတ်ကားများထက် ပို၍ဆန်းသစ်သော အနုပညာအတွေးအခေါ် ဇာတ်လမ်း၊ ရိုက်ညွှန်းရိုက်ချက်တို့နှင့် ခေတ်အမီဆုံး စီစဉ်ရိုက်ကူးတင်ဆက်လိုက်သည်။ ရုပ်ရှင် ဗီဒီယို အနုပညာချစ်သောပရိသတ်များ ယခုကဲ့သို့ဘယ်သောအခါမှ ရှုမြင်ခံစားဖို့ရာမရနိုင်သည့် တန်ဖိုးအရှိဆုံး ဇာတ်ကားကောင်းတစ်ကားကို "ဌေးမြန်မာ"ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိပေးလိုက်ပါသည်။

(၂–၁၀–၂၀၀၆) တနင်္လာနေ့ မဟာရန်ကုန် ဖြန့်ချိပါမည်။

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံဈေးကြီး ယာဉ်ရပ်နားစခန်း သိန်းသန်း စက်မှုလက်မှုက မင်္ဂလာဒုံမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၅ ကျောင်းမှ သံဃာတော် အပါး ၅၅၀တို့အား ဝါတွင်းကာလ တနင်္လာနေ့တိုင်း အရုဏ်ဆွမ်းလောင်းလှူစဉ်။ (၅၃၂)



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ် အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီး အတွက် ကွယ်လွန်သူ ကျေးဇူးရှင်မိခင်ကြီးဒေါ်အေးမြအား ရည်စူးပြီး ဖခင်ကြီးဦးအောင်ကြည်ကို အမှူးထား၍ ကျန်ရစ်သူ သားကြီးက အလှူငွေကျပ် ၁၅၀၀၀၀ ကို လှူဒါန်းရာ နာယက ဆရာတော် မိုးညှင်း အရှင်ဣန္ဒက ရေစက်ချလှူဒါန်းရာ ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ဦးသိန်းဇော်က လက်ခံယူစဉ်။ (ကြေးမုံ)

အမည်ပြောင်း

ဦးလှုန်အုပ်–ဒေါ်ကေသီနွယ်တို့၏သား အထက(၂)ကမာရွတ် Grade 7 (A)မှ မောင်အောင်ခန့် (ကျောင်းဝင်အမှတ် ၅၈၀/၀၀)အား ယနေ့မှစ၍ မောင်နိုင်ဘုန်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်နိုင်ဘုန်းခန့်**

အမည်ပြောင်း

အဖ ဦးဇော်မိုး၏ သမီးဖြစ်သူ မင်္ဂလာဒုံ အထက(၁) တက္ကသိုလ်ဝင်တန်း(A)မှ မနှင်းမြူလွှာမောင်အား မလင်းလက်တာရာဟု ပြောင်းလဲခေါ်ပါရန်။ **မလင်းလက်တာရာ**

မော်ကျွန်းမြို့နယ်အသင်း ပညာရည်ချွန်ဆုနှင်းမည်

ရန်ကုန် စက်တင်ဘာ ၂၈

မော်လမြိုင်ကျွန်း မြို့နယ်အသင်း(ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် ပညာရည်ချွန်ဆုနှင်းပွဲနှင့် အရုဏ်ဆွမ်းလောင်းလှူပွဲကို အောက်တိုဘာ ၈ရက်တွင် မော်လမြိုင်ကျွန်းမြို့၌ ကျင်းပမည်ဖြစ်သည်။ ရန်ကုန်မြို့မှ အောက်တိုဘာ ၆ရက် နံနက် ၈နာရီတွင် ဧရာဝတီသင်္ဘောဖြင့် သွားရောက်ပြီး အောက်တိုဘာ ၈ရက် ညနေတွင် ရန်ကုန်သို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ လိုက်ပါလိုသော အသင်းသူ အသင်းသားများ အောက်တိုဘာ ၂ရက်နောက်ဆုံးထား၍ အသင်းအတွင်းရေးမှူး ဦးစိုးပိုင် (မြန်မာမျက်မှန်) ဖုန်း–၃၇၅၆၈၀ နှင့် ဦးမြင့်မောင်(အသင်းရုံးတာဝန်ခံ) ဖုန်း– ၂၁၁၂၆၇ သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်းသိရသည်။ (က–ပ)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရုံးများတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါ ဝန်ထမ်းများအလိုရှိသည်။

၁။ G.M ၃ဦး(ကျား)
ဘွဲ့ရလုပ်ငန်းအတွေ့အကြုံ(၁၀)နှစ်ရှိရမည်။
(DMA ဘွဲ့ရဦးစားပေးမည်။)အသက်(၄၅)နှစ်မှအထက်
၂။ Dy. G.M (Engineer) ၃ဦး(ကျား)
B.E ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ(၁၀)နှစ်ရှိရမည်။
၃။ Chief Engineer ၃ဦး(ကျား)
B.E ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ(၇)နှစ်ရှိရမည်။
၄။ Dy. C.E ၃ဦး(ကျား/မ)
B.E ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။
၅။ Manager (Marketing) ၃ဦး(ကျား/မ)
ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။
၆။ Accountant ၃ဦး(ကျား/မ)
B.Com,LCCI IIIလုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။
၇။ Business Development Manager ၅ဦး(ကျား/မ)
ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။
၈။ Project Engineer ၂ဦး(ကျား)
B.E ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။
၉။ Design & Programming ရေးနိုင်သူ ၄ဦး(ကျား/မ)
၁၀။ Store Supervisor ၃ဦး(ကျား/မ)
စတိုလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။
၁၁။ Secretary ၄ဦး(ကျား/မ)
အင်္ဂလိပ်စာအရေး၊အဖတ်၊စီမံသိမ်းဆည်းမှုနှင့်
စာစီ၊စာရိုက်ကျွမ်းကျင်ရမည်။
၁၂။ အထွေထွေဝန်ထမ်း (General Staffs) ၃၀ဦး(ကျား)
အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။
ဆေးလိပ်၊ကွမ်းကင်းရှင်းသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် မိမိတို့၏ ကိုယ်ရေးရာဇဝင်(အကျဉ်း)နှင့်အတူ ရယကထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်၊ အိမ်ထောင်စုဇယား မိတ္တူ၊မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ မိမိလျှောက်ထားလိုသည့် ရာထူးအား တိကျစွာဖော်ပြလျက် Myanmar First Initial Co.,Ltd. ၏ စာတိုက်သေတ္တာအမှတ်(၄၃၅)၊ ရန်ကုန်စာတိုက်ကြီးသို့ 15-10-2006 ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

မန္တလေးနှင့် နေပြည်တော်တွင် နေထိုင်သူများအား နေပြည်တော်ရုံးတွင် လူတွေ့စစ်ဆေးမည်။

Interview ကို ရန်ကုန်မြို့၌ 16-10-2006 09:00 နာရီမှ 16:30နာရီထိ၊ နေပြည်တော်၌ 21-10-2006 09:00 နာရီမှ 16:30 နာရီထိ စစ်ဆေးသွားမည်။

ဆက်သွယ်မေးမြန်းလိုလျှင် Ph:No-652216/652217သို့ 5-10-2006 မှစ၍ ဆက်သွယ်စုံစမ်းနိုင်မည်။

ကျောင်းစာကြည့်တိုက်ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန် တောင်ပိုင်းခရိုင် တွံတေးမြို့နယ် သဝန်းတော ကျေးရွာ အထက(ခွဲ)ကျောင်း၏ ကျောင်းစာကြည့်တိုက် ဖွင့်ပွဲကို စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၂နာရီကကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးလှအောင်နှင့် ကျောင်းစာကြည့်တိုက်ဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဦးဝင်းဗိုလ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ယင်းအခမ်းအနားသို့ တွံတေးမြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးအေးသောင်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အင်အားမီဒီယာ ဂရု(ပ်)မှထုတ်ဝေသော အင်အားဂျာနယ်၊ ၂၄နာရီ ခုနစ်ရက် သတင်းဂျာနယ်များနှင့် လာဘ်မိုးစွေ စာပေတိုက်မှ ထုတ်ဝေသည့် ရောင်ပြန်၊မနုစာရီ၊ ပြစ်မှုမဂ္ဂဇင်းများကို ကျောင်းစာကြည့်တိုက်သို့ ဒလမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မင်း(ဒလ)မှ တစ်ဆင့်လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်သန်းသန်းက လက်ခံရယူကြောင်း သိရသည်။ (က–ပ)

အင်အား အသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် စက်တင်ဘာ ၂၈

၂၀၀၆ ခုနှစ် စက်တင်ဘာလ ၂၈ ရက် မြန်မာစံတော်ချိန် ၁၉ နာရီ ၅၆ မိနစ် ၃၂ စက္ကန့်အချိန်တွင် ထားဝယ် မြေငလျင်စခန်း၏ အနောက်တောင်ဘက် မိုင် ၃၄၀ ခန့်ကွာဝေးသော ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏အခြေအနေကို လုံခြုံရေးကောင်စီတွင် စဉ်းစားရန် အကြောင်းခိုင်လုံမှုမရှိဘဲ ကြိုးစားခြင်းသည် အဖွဲ့ဝင်နိုင်ငံများ၏ လုံခြုံရေးကောင်စီကို အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုရာရောက် ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေမှုမရှိသည့်နိုင်ငံအပေါ် လုံခြုံရေးကောင်စီမှ အရေးယူရန် အင်အားကြီးနိုင်ငံများ၏ကြိုးပမ်းမှုကို အဖွဲ့ဝင်နိုင်ငံများက ဝိုင်းဝန်းဆန့်ကျင်

နေပြည်တော် စက်တင်ဘာ ၂၈

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် (၆၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် မူဝါဒရေးရာမိန့်ခွန်း တစ်ရပ် ပြောကြားခဲ့သည်။

အဆိုပါ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်–

ကနဦးအားဖြင့် (၆၁)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးရဲ့ သဘာပတိအဖြစ် အဆွေတော် ရှိတ်ခါဟာယာရာရှစ်အဲလ်ခါလီဖာ ရွေးချယ်တင်မြှောက်ခံရသည့်အတွက် ချီးကျူးဂုဏ်ပြုလိုကြောင်း ပြောကြားလိုပါတယ်။ အဆွေတော်ရဲ့ နိုင်ငံတကာ ဆက်ဆံရေးမှာ အတွေ့အကြုံကြွယ်ဝမှုနဲ့ ထက်မြက်တဲ့ ခေါင်းဆောင်မှုတို့ကြောင့် ဒီညီလာခံကနေ ရလဒ်ကောင်းတွေ ထွက်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။ ပြီးခဲ့တဲ့ညီလာခံမှာ ပြောင်မြောက်အောင်မြင်စွာနဲ့ ခေါင်းဆောင်မှုပေးခဲ့တဲ့ မစ္စတာ ယန်အီလီယာဆန်ကိုလည်း ချီးကျူးဂုဏ်ပြုလိုက်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီအခါသမယမှာ ကမ္ဘာ့ကုလသမဂ္ဂကြီးအတွက် လွန်ခဲ့တဲ့ ဆယ်နှစ်အတွင်း သိသာထင်ရှားပြီး အပြုသဘောဆောင်တဲ့ ပြောင်းလဲမှုတွေ ဆောင်ကြဉ်းပေးခဲ့တဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်ကိုလည်း ချီးကျူးဂုဏ်ပြုပါကြောင်း ဖော်ပြပြောကြားလိုပါတယ်။ နိုင်ငံတကာ အသိုက်အဝန်းအတွက် မစ္စတာကိုဖီအာနန်ရဲ့ မဆုတ်မနစ် တစိုက်မတ်မတ် ဆောင်ရွက်ပေးမှုများကို ကျွန်တော်တို့ အားလုံးက အမြဲထာဝရ သတိရနေကြမှာ ဖြစ်ပါတယ်။

ကုလသမဂ္ဂ ပြုပြင်ဖွဲ့စည်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေခြင်းဟာ ယနေ့ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ အခက်အခဲများကို ကျော်လွှားနိုင်ဖို့ အတွက် လိုအပ်ချက်ဖြစ်ပြီး ဒီလုပ်ဆောင်ဆဲလုပ်ငန်းစဉ်ကို အချိန်နဲ့အမျှ သုံးသပ်သွားဖို့လည်းလိုအပ်ပါတယ်။ ကျွန်တော်တို့ဟာ လူ့အခွင့်အရေးကောင်စီနဲ့ ငြိမ်းချမ်းမှု တည်ဆောက်ရေး ကော်မရှင် ထူထောင်ရေးတို့မှာ အထင်အရှား အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း အခြားဆောင်ရွက်ရန်ကိစ္စ အများအပြား ကျန်ရှိပါသေးတယ်။ ကုလသမဂ္ဂပြုပြင်ဖွဲ့စည်းရေးကို အောင်အောင်မြင်မြင် လုပ်နိုင်တယ်၊ မလုပ်နိုင်ဘူး ဆိုတာဟာ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆**



(၆၁)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကို စက်တင်ဘာ ၂၇ ရက်က ကုလသမဂ္ဂ ဌာနချုပ် အဆောက်အအုံ၌ ကျင်းပစဉ်။ (အင်တာနက်)

အင်အား တောင့်တင်းပြီး သြဇာကြီးမားတဲ့နိုင်ငံအချို့က အင်အားနည်းပါးတဲ့ နိုင်ငံငယ်များကို နိုင်ငံရေးအရ သူတို့ အလိုကျဖြစ်အောင် ကြိုးပမ်းမှုတွေဟာ နိုင်ငံတကာ အသိုက်အဝန်းကြားမှာ ရန်လိုတဲ့ သဘောထားတွေ ပေါ်ပေါက်လာစေနိုင်ပါတယ်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း

မြန်မာနိုင်ငံတော်၏ ရရှိထားပြီးသော တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်အညီ ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ထိခိုက်ဟန့်တားစေသည့်အတွက် လက်မခံ၊ ကန့်ကွက် မြန်မာနိုင်ငံအရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ခြင်းအပေါ် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃) SSA အဖွဲ့သဘောထားထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃) SSAအဖွဲ့က သဘောထား ထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၅ရက် နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

နေ့စွဲ၊ ၂၀၀၆ခု၊ စက်တင်ဘာလ ၂၅ ရက်

မြန်မာနိုင်ငံအရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် တည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက် ချမှတ်ခြင်းအပေါ် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃) SSA အဖွဲ့၏ သဘောထား။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✻